The Essence

mgyoe.com

01

# တစ်မိနစ်မန်နေဂျာနဲ့ ခေါင်းဆောင်မှု

အောင်စည်သာ

မြန်မာပြန်




KEN BLANCHARD

PATRICIA ZIGARMI AND DREA ZIGARMI

**LEADERSHIP & THE ONE MINUTE MANAGER**

mgyoe.com

သိပ်တင်းကျပ်တဲ့ မန်နေဂျာတွေနဲ့လည်း သူ တွေ့ခဲ့တယ်။

ကိုယ့်ကိုယ့်ကိုယ် အတော်ဆုံးလို့ထင်တဲ့ မန်နေဂျာတွေလည်း ပါတယ်။

များသောအားဖြင့်တော့ သူတို့ကိုယ် သူတို့ ကောင်းလှပြီထင်ကြတာပါပဲ။

ဒါပေမဲ့ သူတို့ရဲ့ လက်ထောက်ဝန်ထမ်းတွေ အမြင်ကတော့ တခြားစီပေါ့။

အဲဒီလို အပေါ်က မန်နေဂျာမျိုးတွေရဲ့ ရုံးခန်းထဲကို ဝင်ပြီး "သင်က ဘယ်လို မန်နေဂျာမျိုးလို့ သင့်ကိုယ်သင် ထင်လဲ" ဆိုတဲ့ မေးခွန်းကို မေးတဲ့အခါ ...

သူတို့ရဲ့ အဖြေက ထူးမခြားနားပါပဲ။

ကျွန်တော်က 'ဦးဆောင်သူ၊ ထိပ်ဆုံးမှာပဲ နေရတယ်လေ'၊ ကျွန်တော်က အရှုံးမခံတဲ့သူ၊ ကျွန်တော်က လက်တွေ့ကျတဲ့သူ၊ ကျွန်တော်က ခေါင်းမာတဲ့သူ စတဲ့အဖြေတွေပါပဲ။

သူတို့ရဲ့ ဂုဏ်မောက်တဲ့လေသံနဲ့ ရလဒ်အပေါ်ပဲ အာရုံစိုက်မှုတွေကို သူ မြင်နေရတယ်။

LEADERSHIP & THE ONE MINUTE MANAGER

INCREASE EFFECTIVENESS BY BEING A GOOD LEADER

တစ်မိနစ်မန်နေဂျာရဲ့ သင်္ကေတဟာ ဒစ်ဂျစ်တယ်နာရီက တစ်မိနစ်ပြတဲ့ သင်္ကေတကို ယူထားတာပါ။ အဲဒီ သင်္ကေတရဲ့ အဓိပ္ပာယ်က ကျွန်တော်တို့အားလုံးကို ဘဝရဲ့ နေ့စဉ်အချိန်တွေထဲက တစ်မိနစ်လောက် အသုံးချပြီး မိမိ ဆက်ဆံအုပ်ချုပ်နေရတဲ့ လူတွေကို ကြည့်ဖို့ သတိပေးချင်တာပါ။ ပြီးတော့ သူတို့ဟာ တကယ့်ကို တန်ဖိုးရှိတဲ့ အရင်းအမြစ်တွေဖြစ်ကြောင်း သိလာစေချင်တာပါ။



AST00017

2,500.00 KS

mgyoe.com

mgyoe.com

မျက်နှာဖုံးဒီဇိုင်း- ၈.ဒ.ဝ
ထုတ်ဝေသူ-ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊၆၇၊၁၆၄လမ်း၊တာမွေ။
ပုံနှိပ်သူ -ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊(၀၀၄၁၂)၊၁၁၇၉၊မစိုးရိမ်လမ်း၊ရန်ကင်း။
ပထမအကြိမ်၊ အုပ်ရေ ၂၀၀၊ ၂၀၁၈၊ ဧပြီလ

အောင်စည်သာ
တစ်မိနစ်မန်နေဂျာနဲ့ခေါင်းဆောင်မှု
စာမျက်နှာ ၂၂ မျက်နှာ၊
၁၃ စင်တီ× ၁၈ စင်တီ

mgyoe.com

mgyoe.com

ယခုစာအုပ်ဟာ ဒီနေ့အထိ ကမ္ဘာနဲ့အဝန်း ဘာသာပေါင်းစုံနဲ့ စောင်ရေ အမြောက်အမြား ရောင်းချခဲ့ရ၊ ရောင်းချနေရဆဲ 'တစ်မိနစ်မန်နေဂျာ' စာအုပ်နဲ့ အဆိုပါ စာအုပ်ရေးသားစီစဉ်သူများက ဆက်လက်ထုတ်ဝေခဲ့တဲ့ 'တစ်မိနစ် မန်နေဂျာနဲ့ ခေါင်းဆောင်မှုပညာ' စာအုပ်နှစ်အုပ်ကို ပူးတွဲဘာသာပြန်ဆို စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါတယ်။

စီမံခန့်ခွဲမှုပညာနဲ့ အခြေအနေအလိုက် ဦးဆောင်မှုပေးသွားရေး ခေါင်းဆောင်မှုပညာ (အခြေပြုခေါင်းဆောင်မှုပညာ)ကို ဆက်စပ်ထားတဲ့ စာအုပ်နှစ်အုပ်ဖြစ်လို့လည်း ပူးတွဲစီစဉ်လိုက်ရခြင်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁။ | ရှာဖွေခြင်း | ၄ |
| ၂။ | တစ်မိနစ် မန်နေဂျာနှင့် တွေ့ဆုံခြင်း | ၁၀ |
| ၃။ | ပထမလျှို့ဝှက်ချက် - တစ်မိနစ်ပန်းတိုင် | ၁၉ |
| ၄။ | ဒုတိယလျှို့ဝှက်ချက်- တစ်မိနစ် ချီးမြှောက်ခြင်း | ၃၁ |
| ၅။ | စစ်ဆေးခြင်း | ၄၅ |
| ၆။ | တတိယလျှို့ဝှက်ချက်- တစ်မိနစ်တရားဝင် သတိပေးခြင်း | ၄၈ |
| ၇။ | တစ်မိနစ် တရားဝင်သတိပေးခြင်းအကျဉ်းချုပ် | ၅၇ |
| ၈။ | တစ်မိနစ် မန်နေဂျာ၏ ရှင်းလင်းချက် | |
| ၉။ | တစ်မိနစ် ပန်းတိုင် ဘယ်လိုအလုပ်ဖြစ်သလဲ | ၆၆ |
| ၁၀။ | တစ်မိနစ်ချီးမြှောက်ခြင်းက ဘယ်လိုအလုပ်ဖြစ်တာလဲ | ၇၈ |
| ၁၁။ | တစ်မိနစ်သတိပေးပြန်လည်ကုစားခြင်း ဘယ်လို အလုပ်ဖြစ်သလဲ | ၉၀ |
| ၁၂။ | တစ်မိနစ် မန်နေဂျာအသစ် | ၁၀၉ |
| ၁၃။ | လူအများတွက် လက်ဆောင် | ၁၁၂ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ဒီစာအုပ်ဟာ အလွယ်တကူ ဖတ်နိုင်တဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။ အဲဒီ ဇာတ်လမ်းက သင့်ကို အုပ်ချုပ်သူတို့ မသိမဖြစ် သိရမယ့် နည်းလမ်းသုံးခုကို ပြောပြပါလိမ့်မယ်။ ဒီစာအုပ်ထဲမှ ဇာတ်လမ်းတွေက ဆေးပညာနဲ့ လူ့အပြုအမူဆိုင်ရာ သိပ္ပံပညာက တွေ့ရှိချက်တွေကို ဖော်ပြပေးရင်း လူတော်တော်များများကို ဘယ်လိုအုပ်ချုပ်ရမယ်ဆိုတာကို သင့်ကို နားလည်လာစေပါလိမ့်မယ်။ စာအုပ်ဆုံးတဲ့အခါမှာ အဲဒါတွေကို သင့်ရဲ့လက်တွေ့ဘဝမှာ ဘယ်လိုအသုံးချရမလဲဆိုတာ သိလာပါလိမ့်မယ်။

စာအုပ်ကလေးက တိုတိုတုတ်တုတ်နဲ့ အဆီအနှစ်တွေချည်း စုထားတာပါ။ တကယ်လည်း လက်တွေ့မှာ အလုပ်ဖြစ်တဲ့ စာအုပ်ပါ။



mgyoe.com

mgyoe.com

mgyoe.com

m·gyoe.com



## 01 တစ်မိနစ်မန်နေဂျာရဲ့ မူရင်းသင်္ကေတ

တစ်မိနစ်မန်နေဂျာရဲ့ သင်္ကေတဟာ ဒစ်ဂျစ်တယ်နာရီက တစ်မိနစ်ပြတဲ့ သင်္ကေတကို ယူထားတာပါ။ အဲဒီသင်္ကေတရဲ့ အဓိပ္ပာယ်က ကျွန်တော်တို့အားလုံးကို ဘဝရဲ့နေ့စဉ်အချိန်တွေထဲက တစ်မိနစ်လောက် အသုံးချပြီး မိမိဆက်ဆံအုပ်ချုပ်နေရတဲ့ လူတွေကို ကြည့်ဖို့ သတိပေးချင်တာပါ။ ပြီးတော့ သူတို့ဟာ တကယ့်ကို တန်ဖိုးရှိတဲ့ အရင်းအမြစ်တွေဖြစ်ကြောင်း သိလာစေချင်တာပါ။

mgyoe.com

mgyoe.com

# ရှာဖွေခြင်း

တစ်ခါက ထက်မြက်တဲ့ လူငယ်တစ်ယောက်ဟာ အရည်အချင်းရှိတဲ့ မန်နေဂျာတစ်ယောက် လက်အောက်မှာ အလုပ်လုပ်ချင်လို့ လိုက်ရှာနေခဲ့တယ်။ သူလည်း အဲဒီလို မန်နေဂျာမျိုးဖြစ်လာချင်တယ်လေ။ အဲဒီလို မန်နေဂျာမျိုးကို သူရှာနေတာ နှစ်အတော်ကြာနေပါပြီ။ မြို့ငယ်လေးတွေကော၊ မြို့ကြီးပြကြီးတွေပါ သူရောက်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


သူ မန်နေဂျာတွေ တော်တော်များများနဲ့ စကားပြောခဲ့တယ်။ စစ်ဗိုလ်တွေ၊ အစိုးရအရာရှိတွေ၊ ဆောက်လုပ်ရေး အလုပ်ခေါင်းတွေ၊ တက္ကသိုလ် ကျောင်းအုပ်တွေ၊ ရုံးလုပ်ငန်းက အရာရှိတွေ၊ ဖောင်ဒေးရှင်း ဒါရိုက်တာတွေ၊ ဘဏ်မန်နေဂျာတွေ ၊ စားသောက်ဆိုင်၊ ဘား၊ ဟိုတယ် မန်နေဂျာအစုံပါပဲ။ ကြီးငယ် မဟူ ယောက်ျား မိန်းမပေါင်းစုံ စကားပြောခဲ့တယ်။

ရုံးခန်းပေါင်းစုံလည်း သူ ဝင်ထွက်ခဲ့တယ်။ သေးသေးငယ်ငယ်၊ ကြီးကြီး ကျယ်ကျယ်၊ ဇိမ်ခံ၊ ရှုပ်ပွ အစုံပါပဲ။ လူတွေက လူတွေကို ဘယ်လိုအုပ်ချုပ်သလဲဆိုတာကို သူ ရှာဖွေခဲ့တယ်။

"ဒါပေမဲ့ သူ မြင်ခဲ့သမျှ သူ တစ်ခုမှ မကျေနပ်ခဲ့၊ မကြိုက်ခဲ့ဘူး"

mgyoe.com

mgyoe.com

သိပ်တင်းကျပ်တဲ့ မန်နေဂျာတွေနဲ့လည်း သူ တွေ့ခဲ့တယ်။
ကိုယ့်ကိုယ့်ကိုယ် အတော်ဆုံးလို့ထင်တဲ့ မန်နေဂျာတွေလည်း
ပါတယ်။
များသောအားဖြင့်တော့ သူတို့ကိုယ် သူတို့ ကောင်းလှပြီထင်
ကြတာပါပဲ။
ဒါပေမဲ့ သူတို့ရဲ့ လက်ထောက်ဝန်ထမ်းတွေ အမြင်ကတော့
တခြားစီပေါ့။

အဲဒီလို အပေါ်က မန်နေဂျာမျိုးတွေရဲ့ ရုံးခန်းထဲကို ဝင်ပြီး
"သင်က ဘယ်လို မန်နေဂျာမျိုးလို့ သင့်ကိုယ်သင် ထင်လဲ"
ဆိုတဲ့ မေးခွန်းကို မေးတဲ့အခါ ...

သူတို့ရဲ့ အဖြေက ထူးမခြားနားပါပဲ။

ကျွန်တော်က 'ဦးဆောင်သူ၊ ထိပ်ဆုံးမှာပဲ နေရတယ်လေ'၊
ကျွန်တော်က အရှုံးမခံတဲ့သူ၊ ကျွန်တော်က လက်တွေ့ကျတဲ့
သူ၊ ကျွန်တော်က ခေါင်းမာတဲ့သူ စတဲ့အဖြေတွေပါပဲ။

သူတို့ရဲ့ ဂုဏ်မောက်တဲ့လေသံနဲ့ ရလဒ်အပေါ်ပဲ အာရုံစိုက်
မှုတွေကို သူ မြင်နေရတယ်။

mgyoe.com

mgyoe.com


အလုပ်သမားတွေအပေါ် သဘောကောင်းတဲ့ မန်နေဂျာမျိုး တွေနဲ့လည်း တွေ့ခဲ့ရတယ်။
လုပ်ငန်းမြတ်မြတ် ရှုံးရှုံး၊ ဝန်ထမ်းကိုသာ အာရုံစိုက်တဲ့ လူ တွေပေါ့။
သူတို့ထဲက အချို့ကလည်း သူတို့ကိုယ်သူတို့ အုပ်ချုပ်သူ ကောင်းလို့ ထင်ကြတာပါပဲ။ ဒါပေမဲ့ သူတို့အထက်က လူတွေရဲ့ ထင်မြင်ချက်ကတော့ ဆန့်ကျင်ဘက်ပါ။

သူတို့ကိုလည်း လူငယ်လေးက "ဘယ်လိုမန်နေဂျာမျိုးလို့ ထင်လဲ" မေးတဲ့အခါ ကြားရတာက ကျွန်တော်က ဒီမိုကရက်၊ ကျွန်တော်က ပူးပေါင်းပါဝင်သူ၊ ကျွန်တော်ကတော့ ပံ့ပိုးသူ၊ ကျွန်တော်က သိပ် လူသားဆန်သူ စတဲ့ အဖြေတွေ ကြား ရတယ်။

သူတို့ရဲ့ လေသံတွေထဲမှာလည်း မာနနဲ့ လူတွေအပေါ်ပဲ အာရုံ စိုက်တဲ့ စိတ်ဓာတ်ကို မြင်ခဲ့ရတယ်။

သူတို့ကိုလည်း လူငယ်လေး မကြိုက်ပြန်ပါဘူး။

mgyoe.com

mgyoe.com


ထင်ထားတဲ့အတိုင်းပါပဲ။ ကမ္ဘာပေါ်က မန်နေဂျာအတော်များများက ရလဒ်ကို စိတ်ဝင်စားရင် စား၊ မစားရင် လူတွေအတွက်ပဲ အာရုံစိုက်ကြတယ်။

ရလဒ်ကို အာရုံစိုက်တဲ့ မန်နေဂျာတွေကို အာဏာရှင်ဆန်တယ်။ တင်းကျပ်တယ်၊ ဘုတ်အုပ်ကြီး စသည်ဖြင့် သမုတ်ကြတယ်။ သူ့လူတွေအပေါ် ပျော့ပျောင်းတဲ့ မန်နေဂျာကျတော့ ဒီမိုကရက်တစ်ဖြစ်တယ်လို့ ရည်ညွှန်းကြပြန်ရော။

တစ်ယောက်မှ သူ့စိတ်ကြိုက်မတွေ့ခဲ့ပါ။

သူ စိတ်ပျက်လက်ပျက်နဲ့ အိမ်ကို ပြန်လာခဲ့တယ်။ ကမ္ဘာအနှံ့ ရောက်ခဲ့တဲ့ မန်နေဂျာရှာခရီးစဉ် လက်လျှော့ရမလိုတောင် ဖြစ်လာတယ်။ ဒါပေမဲ့ ကံကောင်းတာတစ်ခုက သူတွေ့ချင်တဲ့ မန်နေဂျာပုံစံကို သူ တိတိကျကျ သိတာပါပဲ။

တကယ်တော့ အဲဒီမန်နေဂျာ အမျိုးအစားနှစ်မျိုးလုံးဟာ အတိုင်းအတာတစ်ခုအထိပဲ ထိရောက်မှုရှိတာပါ။လူငယ်လေးကတော့ သူတို့ကို တစ်ဝက်တစ်ပျက် မန်နေဂျာတွေလို့ပဲ ယူဆပါတယ်။

ထိရောက်မှုရှိတဲ့ မန်နေဂျာဆိုတာ လုပ်ငန်းကိုရော၊ လက်အောက်ငယ်သားတွေကိုပါ အကျိုးရှိအောင် အုပ်ချုပ်နိုင်မှ ဖြစ်မယ်လို့ သူကတော့ ယူဆနေပါတယ်။

mgyoe.com

mgyoe.com


လူငယ်လေးဟာ နေရာစုံအနှံ့မှာ မန်နေဂျာရှာပုံတော် ဖွင့်ခဲ့တယ်။ ဒါပေမဲ့ သူတွေ့ခဲ့တဲ့ ထိရောက်တဲ့ မန်နေဂျာမျိုးဟာ တကယ့်ကို နည်းပါတယ်။ ပြီးတော့ သူတို့အားလုံးကလည်း လျှို့ဝှက်ချက်ကို ပြောမပြချင်ကြဘူး။

မန်နေဂျာကောင်းတစ်ယောက်ဖြစ်နိုင်ဖို့ နည်းလမ်းကို သူ ဘယ်တော့မှ ရှာမတွေ့နိုင်တော့ဘူးလို့ တွေးထင်စပြုလာပါတယ်။

သိပ်မကြာခင်မှာပဲ သူတို့မြို့နဲ့ အနီးအနားမြို့က မန်နေဂျာ တစ်ယောက်ရဲ့အကြောင်းတွေ၊ လုပ်ရည်ကိုင်ရည် ကောင်းမွန် ထိရောက်တဲ့ အကြောင်းတွေကို သူ ကြားသိရတယ်။ လူတွေ ကလည်း အဲဒီမန်နေဂျာအတွက်ဆို အလုပ်လုပ်ပေးချင်ကြပြီး အတူတကွ အောင်မြင်မှုတွေ ရယူကြတဲ့အကြောင်းလည်း ကြားရပြန်တယ်။ ဒီသတင်းစကားသာ မှန်တယ်ဆိုရင် သူ့ကို လျှို့ဝှက်ချက်ပြောပြမယ့် မန်နေဂျာတစ်ယောက်တော့ပေါ်ပြီ ဆိုတာ သူ သိလိုက်တယ်။

ချက်ချင်းပဲ အဲဒီထူးဆန်းတဲ့ မန်နေဂျာဆီကို ဖုန်းဆက်ပြီး တွေ့ခွင့်တောင်းတော့ သူ့အတွင်းရေးမှူးက ဖုန်းလွှဲပေးပြီး တိုက်ရိုက်ပြောစေတယ်။ ဗုဒ္ဓဟူးနေ့မနက်ကလွဲပြီး ဒီတစ် ပတ်ထဲ ကျန်တဲ့အချိန် အဆင်ပြေပါတယ်။ မင်းကြိုက်တဲ့ အချိန်ရွေးပါ လို့ ပြောတော့ လူငယ်လေးက ခဏတိတ်သွားပြီး ဘယ်လို မန်နေဂျာပါလိမ့်လို့ တွေးလိုက်တယ်။ ဒါပေမဲ့ သူ ပျော်သွားပါ တယ်။

အဲဒီမန်နေဂျာကို သူ သွားတွေ့ခဲ့တယ်

mgyoe.com

mgyoe.com

# တစ်မိနစ် မန်နေဂျာနှင့် တွေ့ဆုံခြင်း

မန်နေဂျာရဲ့အလုပ်ထဲကို လူငယ်လေးရောက်တော့ မန်နေဂျာဆို သူက ပြတင်းပေါက်ကနေ ငေးမောနေတာနဲ့ ကြုံရပါတယ်။ လူငယ်လေးက ချောင်းဟန့်သံပေးလိုက်တော့ လှည့်ကြည့်ပြီး ခရီးဦးကြို ပြုပါတယ်။ ပြီးတော့ ခုံမှာထိုင်ဖို့ ဖိတ်ခေါ်၊ သူလည်း ထိုင်ချပြီး "ငါ့မင်းကို ဘာကူညီနိုင်မလဲ"လို့ မေးပါတယ်။

အဲဒီအခါ လူငယ်လေးက "လူတွေကို ခင်ဗျား ဘယ်လိုအုပ်ချုပ်သလဲဆိုတဲ့ အကြောင်းမေးချင်တာ"လို့ ဆိုသတဲ့။ မန်နေဂျာက လိုလိုလားလားပဲ "စလိုက်ကြတာပေါ့" လို့ဆိုပြီး မေးခွန်းကို နားထောင်ဖို့ အသင့်စောင့်နေပါတယ်။

"ခင်ဗျား အစည်းအဝေး တစ်နေ့ ဘယ်နှခါ လုပ်သလဲက စရမယ် ထင်တယ်။ ခင်ဗျားရဲ့ လက်အောက်ဝန်ထမ်းတွေနဲ့ ပုံမှန်အစည်းအဝေး လုပ်ဖြစ်လား"

"လုပ်ဖြစ်တာပေါ့။ ဗုဒ္ဓဟူးနေ့ မနက် ၉ နာရီကနေ ၁၁ နာရီထိလေ။ ဒါကြောင့် မင်းကို ဗုဒ္ဓဟူးနေ့ မရဘူးလို့ ပြောတာပေါ့"

"အဲဒီ အစည်းအဝေးမှာ ဘာတွေ လုပ်ကြသလဲ"

"ငါ့လူတွေရဲ့ ပြီးခဲ့တဲ့အပတ်က ကိစ္စတွေအပေါ် အောင်မြင်မှုတွေ၊ သုံးသပ်ချက်တွေ၊ ပြဿနာတွေ၊ အခက်အခဲတွေကို နားထောင်တယ်။ ဘာတွေလိုသေးလဲ ဆွေးနွေးတယ်။ ပြီးတော့ နောက်တစ်ပတ်အတွက် မဟာဗျူဟာတွေ၊ အစီအမံတွေ ချမှတ်တယ်လေ"

mgyoe.com

mgyoe.com


"အဲဒီ ဆုံးဖြတ်ချက်တွေက ခင်ဗျားနဲ့ ခင်ဗျားရဲ့ တပည့်တွေကြား ခိုင်မြဲရဲ့လား"

"ဟာ … ခိုင်မြဲတာပေါ့။ အဲဒီလိုမှမဟုတ်ရင် ဘာလို့ အစည်းအဝေး လုပ်တော့မလဲ"

"အဲဒီတော့ ခင်ဗျားက ဝန်ထမ်းတွေ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ကို ကျင့်သုံးတဲ့ မန်နေဂျာတစ်ယောက်ပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ ငါ့တပည့်တွေရဲ့ ဆုံးဖြတ်ချက်တွေ ကို ဝင်ပါရမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး"

"အဲဒီတော့ ခင်ဗျား အစည်းအဝေးက ဘာလဲ"

"ပြောပြီးပြီလေကွာ။ ပြောပြီးသားတွေ နှစ်ခါ ထပ်မမေးပါနဲ့လား၊ မင်းအတွက်ကော ငါ့အတွက်ပါ အချိန်ကုန်တယ် ကောင်လေးရ"

"ငါတို့က ဒီမှာ အလုပ်လုပ်တာ ရလဒ်တွေ ထွက်ဖို့ပဲလေ။ မန်နေဂျာက ဆက်ပြောပါတယ်။ ဒီအဖွဲ့အစည်းရဲ့ ကိစ္စကိုက ထိရောက် ဖို့လေ။ စုစုစည်းစည်းရှိတော့ ပိုအလုပ်တွင်တာပေါ့လေ"

'ခင်ဗျားက အလုပ်တွင်မှုကိုလည်း ဦးစားပေးသားပဲ။ ခင်ဗျားက လူထက် ရလဒ်ကို တန်ဖိုးထားတဲ့လူပဲ'လို့ လူငယ်လေးက ကောက် ချက်ချတယ်။

"မဟုတ်ဘူး"လို့ မန်နေဂျာက ပြင်းပြင်းထန်ထန် ငြင်းတယ်။ ငါ ဒါတွေကို ခဏခဏ ကြားဖူးတယ်။ လမ်းလျှောက်ရင်း ထပ်ပြော တယ်။ "လူတွေမရှိဘဲ ဘယ်လိုလုပ် ရလဒ်ထွက်လာမလဲ"လို့ ပြော တယ်။ "ငါ နှစ်ခုစလုံးကို အာရုံစိုက်ပါတယ်ကွာ။ အပြန်အလှန်ပေါ့"

"ဒီမှာကြည့်စမ်း"ဆိုပြီး မန်နေဂျာက သူ့ဆောင်ပုဒ်ကို လက်ညှိုး ထိုးပြတယ်။ "ဒါကို ငါ့စားပွဲပေါ်မှာ ထားတာ လက်တွေ့ဆန်တဲ့ အမှန် တရားကို အမြဲ သတိရနေစေဖို့ပေါ့ကွာ'လို့ ပြောသတဲ့။

mgyoe.com

mgyoe.com


" မိမိကိုယ်ကို

ကျေနပ်အားရနေသူတွေဟာ

ကောင်းမွန်တဲ့ရလဒ်တွေကို

ဖန်တီးနိုင်တယ် "

mgyoe.com

mgyoe.com


လူငယ်လေးက အဲဒီဆောင်ပုဒ်ကို ကြည့်နေတုန်းမှာပဲ မန်နေဂျာက "မင်းကိုယ်မင်း မေးကြည့်စမ်း၊ ဘယ်အချိန်မှာ အလုပ်လုပ်လို့ အကောင်းဆုံးလဲ။ ဘယ်အချိန်မှာ ရလာဒ်အကောင်းဆုံးလဲလို့" မင်းကိုယ်မင်း ကျေနပ်နေတဲ့အခါမှာ မဟုတ်လား။ ပြီးတော့ ဘယ်အချိန်ကျရင်ရော အလုပ်လုပ်လို့ မကောင်းဘူးလဲ။

"ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေတဲ့အချိန်မှာပေါ့" လို့ လူငယ်လေးက ဖြေတယ်။

"ဒါပေါ့" မန်နေဂျာက ထောက်ခံတယ်။ "လူတိုင်းလည်း ဒီလိုပါပဲ"

တစ်ခုခု သဘောပေါက်သွားတဲ့အလား လူငယ်လေးက သူ့ရဲ့ လက်ညှိုးတစ်ချောင်းကို ထောင်ပြီး 'ဒါဆိုရင် လူတွေကို ကိုယ့်ကိုယ်ကိုယ် ကျေနပ်အောင် ကူညီပေးတာက အလုပ်ပိုတွင်စေတဲ့ သဘောပေါ့' လို့ အားပါးတရ ရေရွတ်တယ်။

"ဟုတ်ပါ့ဗျာ" လို့ မန်နေဂျာက ထောက်ခံရင်း "ဒါပေမဲ့ အလုပ်ဖြစ်တယ်၊ တိုးတက်တယ်ဆိုတာ အလုပ်ရဲ့ ပမာဏထက် အလုပ်ရဲ့ အရည်အသွေးက ပိုပြီး အရေးပါတယ်ကွ"လို့ ပြောရင်း ပြတင်းပေါက်နားကို လျှောက်သွားပြီး "ကောင်လေး ဒီကို လာကြည့်စမ်း"လို့ ဖိတ်ခေါ်သတဲ့။

အောက်မှာ ပိတ်နေတဲ့ ကားတန်းရှည်ကြီးကို လက်ညှိုးထိုးပြပြီး "လမ်းပေါ်မှာ နိုင်ငံခြားဖြစ်ကားတွေ ဘယ်လောက်များလဲ"လို့ မေးတယ်။ ပြင်ပကမ္ဘာကို ငေးကြည့်ရင်း လူငယ်လေးက "တစ်စထက် တစ်စ များများလာတာပဲနော်။ သူတို့က ဆီစားသက်သာပြီး ကြာရှည်ခံလို့ ထင်တယ်"လို့ ပြန်ပြောပါတယ်။

"သိပ်သေချာတာပေါ့။ ဘာလို့ လူတွေ နိုင်ငံခြားကားတွေ ဝယ်

mgyoe.com

mgyoe.com


ကြသလဲ။ အမေရိကန်ကုမ္ပဏီတွေက ထုတ်တာ မလောက်လို့လား။ ဒါမှမဟုတ် ပွင့်ပွင့်လင်းလင်းပြောရရင် အမေရိကန်ပြည်သူတွေ တကယ် လိုချင်တဲ့ Quality ရှိတဲ့ကားကို သူတို့ မထုတ်လို့လားကွာ"လို့ မန်နေဂျာ က ကောင်လေးကို မေးလိုက်တယ်။

"ဒီမေးခွန်းက အရေအတွက်နဲ့ အရည်အချင်း မေးခွန်းပဲဗျ"

"ဟုတ်သကွာ၊ တွေ့လား၊ အရည်အသွေးဆိုတာကမှ လူတွေ တကယ်လိုအပ်၊ တကယ်လိုချင်တဲ့ အရာတစ်ခုပါ"

မန်နေဂျာကြီးက ပြတင်းပေါက်မှာရပ်ရင်း သူ့အတွေးတွေထဲ သူ မျောနေတယ်။ အမေရိကက ဥရောပရဲ့ နည်းပညာတွေနဲ့ ပြန်လည် တည်ဆောက်ရေးမှာ ကူညီခဲ့ပုံတွေကို ပြန်မြင်ယောင်မိနေတယ်။ ခုချိန် အမေရိကရဲ့ ထုတ်လုပ်မှုလျော့ကျနေမှုဟာ သူ့ကို အံ့အားသင့်နေစေ တုန်းပဲ။

"ဟုတ်တယ် ကျွန်တော်မှတ်မိနေတဲ့ နိုင်ငံခြားကား ကြော်ငြာတစ် ခုရှိတယ်။ ရေရှည်ကို စဉ်းစားပါဆိုတာလေ။ အဲဒါဟာ ဒီဖြစ်စဉ်ကြီး တစ်ခုလုံးရဲ့ အချုပ်လို့ ကျွန်တော်တော့ထင်တယ်"လို့ ဆိုပြီး မန်နေဂျာ ရဲ့ ငြိမ်သက်မှုကို ဖြိုခွင်းလိုက်တယ်။

ပြီးတော့ နှစ်ယောက်စလုံး ထိုင်ခုံဆီပြန်လာကြရင်း "ငါက အဲဒီ အနှစ်ချုပ်က တကယ်ဖြစ်လာမှာကို ကြောက်တာပဲ။ အရေအတွက်ကော၊ အရည်အသွေးကောဟာ လူတွေက တစ်ဆင့်ပဲ ရနိုင်တာကွ။ အဲဒါ အကောင်းဆုံးနည်းလမ်းပဲ"လို့ မန်နေဂျာက စိတ်ပါလက်ပါနဲ့ ပြောပါ တယ်။ သူ့ တိုင်းပြည်ရဲ့ ထုတ်လုပ်မှုကို အားမလို အားမရနဲ့ပေါ့။

လူငယ်လေးရဲ့ စိတ်ဝင်စားမှုက တဖြည်းဖြည်း မြင့်တက်လာခဲ့ ပါပြီ။ "ဟုတ်ပြီလေ။ ခင်ဗျား ခုတစ်လော ကျွန်တော်ပြောတဲ့ ဝင်စွက် တတ်တဲ့ မန်နေဂျာ မဟုတ်ဘူးဆို၊ ကျွန်တော်သိချင်တာက ခင်ဗျားကိုယ်

mgyoe.com

mgyoe.com


ကို ဘယ်လို မန်နေဂျာမျိုးလို့ ထင်သလဲ”လို့ မေးလိုက်ပါတယ်။

## ‘ငါက တစ်မိနစ် မန်နေဂျာပေါ့ကွာ’

ကောင်လေးရဲ့ မျက်နှာက အံ့အားသင့်တဲ့ ရုပ် ချက်ချင်းပေါ်လာတယ်။ တစ်မိနစ် မန်နေဂျာဆိုတာ သူ ကြားမှ မကြားဖူးခဲ့ပဲ။ “ဘာ တစ်မိနစ် ဘာဖြစ်တယ်”လို့ သေချာအောင် ထပ်မေးရှာတယ်။

မန်နေဂျာကြီးက ရယ်ရင်းနဲ့ “ငါက တစ်မိနစ် မန်နေဂျာတစ်ယောက်ပါကွာ”လို့ ထပ်ဖြေပေးပါတယ်။ “ငါ့ကိုယ်ငါ ဒီလိုခေါ်တာက လူတွေဆီက ရလဒ်ကြီးကြီးတွေ ရဖို့ ငါ့အတွက် အချိန်နည်းနည်းလေးပဲ လိုလို့ကွ”လို့ ရှင်းပြသတဲ့။

ကောင်လေးအတွက် ယုံဖို့ သိပ်ခက်ခဲပါတယ်။ သူ ကမ္ဘာတစ်ပတ် မန်နေဂျာတွေနဲ့ တွေ့ခဲ့တာ ဘယ်သူမှ အဲဒီလို မပြောခဲ့ဖူးပဲ။ တစ်မိနစ် မန်နေဂျာ။ ရလဒ်ကောင်းတွေရဖို့ အချိန်နည်းနည်းပဲ ယူတဲ့ လူတစ်ယောက်။

“မင်း ငါ့ကို မယုံဘူး မဟုတ်လား။ ဟုတ်ပါတယ်။ ငါက တစ်မိနစ် မန်နေဂျာတစ်ယောက်ဆိုတာကို မင်း မယုံနိုင်ဘူး မဟုတ်လား”

“ကျွန်တော် ဝန်ခံရမယ်ဆို တွေးကြည့်လို့တောင် မရဘူးဗျာ”လို့ လူငယ်လေးက တုံ့ပြန်တယ်။

မန်နေဂျာကြီးက ရယ်ပြီး ပြန်ပြောတာက “မင်း ငါ ဘယ်လို မန်နေဂျာမျိုးလဲဆိုတာသိဖို့ ငါ့လူတွေနဲ့ စကားပြောကြည့်ပါလား”

mgyoe.com

mgyoe.com


မန်နေဂျာက အင်တာကွန်းကတစ်ဆင့် ခေါ်လိုက်တော့ သူ့အတွင်းရေးမှူးက စာရင်းတစ်ခုနဲ့အတူ ဝင်လာပါတယ်။ ပြီးတော့ အဲဒီလူ စာရင်းစာရွက်ကို လူငယ်လေးထံ ကမ်းလိုက်တယ်။

"အဲဒါတွေက ငါ့လက်အောက်က တိုက်ရိုက် အစီရင်ခံစာ တင်ရတဲ့လူနာမည်တွေ၊ ရာထူးတွေနဲ့ ဖုန်းနံပါတ်တွေပဲ"လို့ တစ်မိနစ် မန်နေဂျာကြီးက ရှင်းပြပါတယ်။

"ကျွန်တော် ဘယ်သူနဲ့ တွေ့ရမလဲ"လို့ လူငယ်လေးက မေးတဲ့အခါ...

"ဒါကတော့ မင်းသဘောပဲ။ အဲဒီစာရင်းထဲက ကြိုက်တဲ့သူကို သာ သွားတွေ့ချည်"လို့ ပြန်ဖြေပါတယ်။

"မဟုတ်ဘူးလေ။ ကျွန်တော်က ဘယ်သူ့ဆီအရင်သွားရမလဲ သိချင်တာ"ဆိုတော့ "ငါ ပြောပြီးပြီလေ။ မင်းဟာ မင်း ဆုံးဖြတ်ပါ။ ငါ ဘယ်သူ့အတွက်မှ ဆုံးဖြတ်ချက် ချမပေးတတ်ဘူး"လို့ ပြောရင်း ကောင်လေးကို အခန်းတံခါးဝဆီ ဦးဆောင်ခေါ်သွားတယ်။

"အမှန်အတိုင်းပြောရရင် အဲဒီလို နှစ်ခါ ထပ်မေးတာတွေဟာ ငါ့အတွက် သိပ်အနှောင့်အယှက်ဖြစ်တယ်။ မင်း ဒီစာရင်းထဲက နာမည်ကို ကိုယ့်ဟာကိုယ် ရှာမလား။ အခြားနေရာမှာ မင်းရဲ့ မန်နေဂျာရှာဖွေတဲ့ အစီအစဉ်ကို သွားလုပ်မလား"လို့ မေးလိုက်တယ်။

အဲဒီမေးခွန်းဟာ ကောင်လေးအတွက် အတော့်ကို ရှက်ရွံ့ပြီး စိတ်မသက်မသာ ဖြစ်သွားတာတော့ အမှန်ပါပဲ။

mgyoe.com

mgyoe.com


ပြီးတော့ တစ်မိနစ်မန်နေဂျာက လူငယ်လေးရဲ့ မျက်လုံးကို ကြည့်ပြီး "မင်းက လူတွေကို ဘယ်လို အုပ်ချုပ်လဲ သိချင်တယ်မဟုတ်လား။ အဲဒီ စိတ်ဓာတ်ကို ငါ လေးစားတယ်"လို့ ဆိုတယ်။ ပြီးတော့ လူငယ်လေးရဲ့ လက်ကို ဆွဲကိုင်နှုတ်ဆက်လိုက်တယ်။

"မင်း ငါ့လူတွေကို ကြည့်ပြီး စကားပြောပြီးလို့ မေးစရာတွေရှိရင် ငါ့ဆီ ပြန်လာခဲ့ပါ။ ငါ မင်းရဲ့ စိတ်ဝင်စားမှုကို အသိအမှတ်ပြုပါတယ်။ ပြီးတော့ သင်ယူချင်စိတ်ကိုရောပေါ့။ ငါက အထူးသဖြင့် တစ်မိနစ်မန်နေဂျာဆိုတဲ့ သဘောကို မင်းကို ရှင်းလင်းစေချင်တာပါ။ အဲဒီသဘောတရားကို ငါ့ကို တစ်ယောက်ယောက်က ပေးခဲ့ပြီးတဲ့နောက်၊ ငါ တော်တော့်ကို ပြောင်းလဲသွားတာ။ ငါ မင်းကိုလည်း အဲဒီ သဘောတရားကို သေချာနားလည်စေချင်တယ်။ မင်း ဖြစ်ချင်တယ်ဆိုရင် တစ်နေ့နေ့မှာ မင်းလည်း တစ်မိနစ် မန်နေဂျာတစ်ယောက် ဖြစ်လာဖို့ပေါ့"လို့ နွေးထွေးစွာ ရှင်းပြတယ်။

"ကျေးဇူးတင်ပါတယ်"လို့ လူငယ်လေးက ပြောတယ်။ သူ တည်ငြိမ်လာပါပြီ။ အဆင်ပြေလာပါပြီ။

သူ မန်နေဂျာရဲ့ ရုံးခန်းက ထွက်လာခဲ့ပါပြီ။ အီလည်လည်ကြီးနဲ့ပေါ့။ အတွင်းရေးမှူးက စာနာစကား ဆိုတယ်။ "မင်း ငါတို့ရဲ့ တစ်မိနစ်မန်နေဂျာကြီးကို မင်း ကြုံဖူးသွားပြီ"လို့ သူ ဖြတ်သွားတဲ့အခါ လှမ်းပြောပါတယ်။ လူငယ်လေးကတော့ ငေးငေးငိုင်ငိုင်နဲ့ "ဟုတ်မယ် ထင်တာပဲ"လို့ ပြန်ပြောခဲ့တယ်။

mgyoe.com

mgyoe.com


အတွင်းရေးမှူးက သူတွေ့နိုင်တဲ့ တစ်မိနစ်မန်နေဂျာရဲ့ အနီးကပ် တပည့်ငါးယောက်ထဲက အချို့ဒီမှာ ရှိနေကြောင်းနဲ့ သူတို့က လူငယ် လေးကို တွေ့လို့ရကြောင်း၊ သူ ဖုန်းဆက်ထားပြီးဖြစ်ကြောင်း ပြောတော့ လူငယ် လေးလည်း နောက်ဆုံး မစ္စတာ ထရီနဲလ်၊ မစ္စတာ လယ်ဗီနဲ့ မစ္စဘရောင်းဆိုတဲ့ လူသုံးယောက်နဲ့ တွေ့ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

mgyoe.com

mgyoe.com

## ပထမလှုံ့ဆော်ချက် – တစ်မိနစ်ပန်းတိုင်

လူငယ်လေးဟာ မစ္စတာ ထရိန့်လ်ရဲ့ ရုံးခန်းကို ရောက်တော့ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်က သူ့ကို ပြုံးပြီး ကြိုဆိုနေတာကို တွေ့ပါတယ်။

"ဘယ်လိုလဲ မင်း ငါတို့ လူကြီးနဲ့ တွေ့ခဲ့ပြီလား။ သိပ်ကို စမတ်ကျတဲ့ လူပေါ့။ ဟုတ်တယ်မို့လား"

"အင်း အဲဒီလိုပဲပေါ့"လို့ ကောင်လေးက ပြန်ဖြေတယ်။

"သူ တစ်မိနစ် မန်နေဂျာဖြစ်လာတဲ့အကြောင်း ပြောပြလိုက်သေးလား"

"ပြောပြပါတယ်ဗျာ။ ဒါပေမဲ့ အဲဒါ တကယ် မဟုတ်ဘူး မဟုတ်လား ဟင်" လူငယ်လေးက မေးလိုက်ပါတယ်။

mgyoe.com

mgyoe.com


"မင်း ယုံသင့်တယ်။ ငါတောင် သူ့ကို တွေ့ခွင့်ရဖို့ သိပ်မလွယ်ဘူး"
"ခင်ဗျားဆိုလိုတာက သူ့ဆီက ဘာ အကူအညီမှ မရဘူးလို့ဆိုလိုတာလား" လူငယ်လေးက မေးတယ်။

"တကယ့်ကို လိုအပ်တဲ့ နည်းနည်းလေးပါကွာ။ အလုပ်အသစ်တွေ၊ ကိစ္စအသစ်တွေရဲ့ အစ၊ တာဝန်တွေရဲ့ အစမှာတော့ သူ ငါနဲ့ အချိန်ဖြုန်းပါတယ်။ ဒါပေမဲ့လည်း သူ တစ်မိနစ်ပန်းတိုင်ချမှတ်တဲ့ အချိန်ပါပဲကွာ"

"တစ်မိနစ် ပန်းတိုင်ချတယ်။ အဲဒါ ဘာလဲဗျ" လူငယ်လေးက မေးတယ်။ "သူက ကျွန်တော့်ကို တစ်မိနစ် မန်နေဂျာဆိုတာတော့ ပြောတယ်။ ဒါပေမဲ့ တစ်မိနစ် ပန်းတိုင်ချမှတ်ခြင်းဆိုတာတော့ မပြောလိုက်ဘူးဗျ"လို့ လူငယ်လေးက တအံ့တသြ ပြောတယ်။

"အဲဒါဟာ တစ်မိနစ် မန်နေဂျာရဲ့ လျှို့ဝှက်ချက် သုံးခုထဲကတစ်ခုပေါ့" လို့ ထရီနဲလ်က ပြန်ဖြေပါတယ်။

"လျှို့ဝှက်ချက် သုံးခု ဟုတ်လား"လူငယ်လေးက သူ့ရဲ့ သိချင်စိတ်ကို ထိန်းမရတော့ပါဘူး။

mgyoe.com

mgyoe.com


"ဟုတ်ပါ့ဗျား" လို့ ထရီနဲလ်က ပြောတယ်။ တစ်မိနစ် ပန်းတိုင် သတ်မှတ်ခြင်းဟာ တစ်မိနစ် အုပ်ချုပ်ပုံရဲ့ ပထမဆုံးသော အခြေခံ အချက်ပဲ။ "မင်း တခြားအဖွဲ့အစည်းတွေ တော်တော်များများမှာ မြင်တဲ့ အတိုင်းပဲ။ အလုပ်သမားတွေကို ဘာလုပ်နေလဲ မေးတဲ့အခါ ရလာတဲ့ အဖြေနဲ့၊ အုပ်ချုပ်ရေးပိုင်းကို မေးတဲ့အခါ ရလာတာ တခြားစီပဲ။ ငါ အလုပ်လုပ်ခဲ့တဲ့ အဖွဲ့အစည်းအချို့မှာဆို ငါ ထင်တဲ့ ငါရဲ့ တာဝန် ဝတ္တရားနဲ့ ငါ့ အထက်အရာရှိထင်တဲ့ တာဝန်ဝတ္တရားတွေက အမြဲ တမ်း တလွဲပဲ။ နောက်ဆုံး ဘာဖြစ်လဲဆိုတော့ လုပ်ဖို့ မလိုတာတွေ၊ မလုပ်သင့် တာတွေ လုပ်မိကုန်ရောပေါ့"လို့ လူငယ်လေးကို ရှင်းပြပါတယ်။

"ဒီမှာတော့ အဲဒါမျိုး လုံးဝ မရှိဘူးပေါ့"လို့ လူငယ်လေးက ပြန်မေး တယ်။

"ဟော့အေး ... မရှိပါဘူးကွာ။ တစ်မိနစ်မန်နေဂျာကြီးက အမြဲ တာဝန်ဝတ္တရားတွေကို တိတိကျကျ သတ်မှတ်ပေးတယ်။ ဘယ်သူက ဘာကို တာဝန်ခံပြီး လုပ်ရမလဲဆိုတာ သေသေချာချာ သိကြတယ်"လို့ ထရီနဲလ်က ပြောတယ်။

"သူ ဘယ်လိုများ လုပ်လဲ"လို့ လူငယ်လေးက မေးတယ်။

"ထိထိရောက်ရောက်ပေါ့"လို့ ထရီနဲလ်က အပြုံးလေးတစ်ခုနဲ့ ဖြေတယ်။

mgyoe.com

mgyoe.com


ထရိနဲလ်က စပြီး ရှင်းပြတယ်။ "သူက ငါ့ကို ဘာလိုချင်တယ် ပြောလိုက်တယ်။ ငါတို့ နှစ်ယောက် ဆွေးနွေးရင်း နောက်ဆုံး ဖိုင်နယ် သဘောတူညီချက်ပန်းတိုင်တွေ ရမယ်။ ပန်းတိုင်တစ်ခုစီကို တစ်မိနစ် မန်နေဂျာက စာမျက်နှာတစ်မျက်နှာစာပဲ ပေးတယ်။ ပန်းတိုင်နဲ့ သူရဲ့ စံနှုန်းတွေကို စကားလုံး ၂၅၀ လောက်နဲ့ ပြည့်စုံအောင် ရေးရတယ်။ လူတွေ တစ်မိနစ်အတွင်း ဖတ်နိုင်အောင် စီစဉ်ထားတယ်။ ပြီးတော့ အဲဒီစာရွက်ကို မိတ္တူဆွဲပြီး မန်နေဂျာနဲ့ ငါ တစ်ယောက်တစ်ရွက်စီ ယူထားလိုက်တယ်။ အဲဒီတော့ အရာအားလုံးက ရှင်းရှင်းလင်းလင်းနဲ့ အလုပ်ရဲ့ တိုးတက်မှုဖြစ်စဉ်ကို သေချာကြည့်နိုင်ပြီပေါ့။ ပန်းတိုင်တွေ၊ ပြီးဆုံးရမယ့် ရက်တွေနဲ့ ပတ်သက်ပြီး အငြင်းပွားစရာ သိပ်မရှိတော့ဘူး ပေါ့"

"ခင်ဗျားတို့ရဲ့ ပန်းတိုင်တိုင်းအတွက် အဲဒီ တစ်မျက်နှာစာ ဖြေရှင်းချက်က ရှိတာလား"

"ဒါပေါ့ကွ"လို့ ထရိနဲလ်က ပြန်ဖြေတယ်။

"ဒါဆို လူတိုင်းအတွက် စာရွက်တွေ အများကြီး ဖြစ်နေမှာပေါ့"

လူငယ်လေးက မေးခွန်းထုတ်လိုက်တယ်။

"မရှိပါဘူး။ ငါတို့ မန်နေဂျာက ၈၀/ ၂၀ ဥပဒေသကို ကျင့်သုံးတယ်လေ။ ၈၀ ရာခိုင်နှုန်းသော အလုပ်ရဲ့ ရလဒ်တွေက ပန်းတိုင် ၂၀ ရာခိုင်နှုန်းဆီကပဲလို့ ယုံကြည်တယ်။ ဒီတော့ ငါတို့က တစ်မိနစ် ပန်းတိုင်ကို ၂၀ ရာခိုင်နှုန်းစာပဲ ချမှတ်တဲ့အတွက် စာရွက်က သုံးရွက်ကနေ ခြောက်ရွက်အများဆုံးပဲ"လို့ ထရိနဲလ်က တစ်မိနစ်မန်နေဂျာရဲ့ ပန်းတိုင် သတ်မှတ်ပုံကို ရှင်းပြတယ်။

mgyoe.com

mgyoe.com


"သိပ် စိတ်ဝင်စားဖို့ ကောင်းတာပဲ" လို့ လူငယ်လေးက မှတ်ချက်ပေးတယ်။

"ကျွန်တော် တစ်မိနစ် ပန်းတိုင် သဘောတရားကို နားလည်သွားပြီလို့ ထင်တာပဲ။ အဲဒါက စိတ်ပညာအရဆိုရင် ရုတ်တရက်ဆိုတာကို မရှိအောင် လုပ်ထားတာပဲ။ အနားနီးမှာကပ်ပြီး မှားစရာ မရှိတော့ဘူး။ ဘာလို့လဲဆိုတော့ လူတိုင်းက အစကတည်းက ဘာလုပ်ရမယ်ဆိုတာ သိထားတာကိုး"

"သိပ် သေချာတာပေါ့"လို့ ထရီနဲလ်က ဝင်ထောက်ပေးတယ်။

"အဲဒီတော့ တစ်မိနစ်ပန်းတိုင်က ခင်ဗျားတို့ရဲ့ တာဝန်က ဘာလဲဆိုတာ သိရရုံပဲလား"လူငယ်လေးက ထပ်မေးပြန်တယ်။

"မဟုတ်ဘူးကွ၊ ပန်းတိုင်သတ်မှတ်ပြီးတာနဲ့ အကောင်းဆုံး ရလဒ်ဆိုတာ ဘယ်အဆင့်ဆိုတာကို တစ်ခါတည်း သတ်မှတ်ပေးတယ်။ ဘယ်စံနှုန်း၊ ဘယ်အဆင့်အတိုင်း စွမ်းဆောင်နိုင်ရမယ်ဆိုတာ တိတိကျကျ ရှိတယ်ပေါ့ကွာ။ သူ ဘာလိုချင်တာလဲဆိုတာကို တို့ကို သေချာပြတယ်လေ"

"အဲဒါကို ဘယ်လိုလုပ်သလဲ"လို့ လူငယ်လေးက အံ့သြတကြီး မေးတော့ . . .

"မင်းကို ဥပမာ တစ်ခုပြောပြမယ်၊ နားထောင်ကြည့်" ထရီနဲလ်က အကြံပေးတယ်။

mgyoe.com

mgyoe.com


"ငါရဲ့ တစ်မိနစ် ပန်းတိုင်က စွမ်းဆောင်ရည် ရလဒ်တွေနဲ့ ပတ်သက်တဲ့ ပြဿနာကို ရှာဖွေပြီး အကောင်အထည်ဖော်တဲ့အခါ ပြေလည်သွားမယ့် ဖြေရှင်းချက်နဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အတူ ပြန်လာရန် ဆိုပြီး ထားပါတော့" ထရီနဲလ်ကပဲ ဆက်ပြီး ...

"ငါ ဒီရောက်ရောက်ချင်း ပြဿနာတွေ့တယ်။ ဒါပေမဲ့ ငါ ဘာလုပ်ရမှန်း မသိဘူး။ အဲဒီတော့ ငါ တစ်မိနစ် မန်နေဂျာဆီ ဖုန်းခေါ်ပြီး ဆရာ ကျွန်တော် ဒီမှာ ပြဿနာတွေ တွေ့တယ်ပြောတော့ သူ ပြန်ဖြေတာက "မင်းကို အဲဒါတွေအတွက် ငှားထားတာလေ"တဲ့။ ပြီးတော့ နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြတယ်ကွာ။ ငါက ဘယ်လို ဘာလုပ်ရမှန်း မသိဘူး။ အဲဒီ တိတ်ဆိတ်မှုက ချောက်ချားစရာကြီး။ ဒါနဲ့ ငါလည်း ကြောက်ကြောက်လန့်လန့်နဲ့ "ဒါပေမဲ့ ဆရာ ကျွန်တော် ဒီပြဿနာတွေကို ဘယ်လို ဖြေရှင်းရမှန်း မသိဘူး"လို့ ပြောချလိုက်တယ်။ ပြီးတော့ ထရီနဲလ်က ...

"အဲဒီ အခါ သူ ပြန်ပြောတာက ထရီနဲလ်ရေ မင်း နောက်ဆို လုပ်ကိုလုပ်ရမှာတွေက ပြဿနာကို ရှာဖွေပြီး ဖြေရှင်းဖို့ပဲ။ ဒါပေမဲ့ မင်းက အသစ်ဆိုတော့ ငါနဲ့ စကားပြောဖို့ ငါ့ဆီ ခဏ လာခဲ့ပါဦးလို့ ခေါ်တယ်ကွာ"

ထရီနဲလ်က စိတ်အားထက်သန်စွာနဲ့ ...

"ငါ ရောက်သွားတော့ ဆရာက

ကဲ ... ထရီနဲလ်ရေ မင်း ပြဿနာတွေက ဘာလဲ။ လက်တွေ့ကျတာတွေကို ပြောနော်" တဲ့။

"လက်တွေ့ကျတာလို့ ငါလည်း လိုက်ရေရွတ်မိတယ်။ လက်တွေ့ကျတယ်ဆိုတာဘာလဲလို့ ငါလည်း ပြန်မေးလိုက်တယ်"

mgyoe.com

mgyoe.com


ထရီနဲလ်က သူ့အတွေ့အကြုံကို ဆက်ပြောပြတယ်။

"ငါ ဆိုလိုတာကကွာ ဆိုပြီး မန်နေဂျာက ငါ့ကို ရှင်းပြတယ်။ ငါ့ကို လက်တွေ့ကျကျ ပြဿနာကို ရှင်းပြစမ်းဆိုတာက ပြဿနာတွေကို ခံစားချက်တွေ၊ ယူဆချက်တွေတင် မဟုတ်ဘဲ လက်တွေ့ကျကျ မြင်နိုင်တဲ့၊ တိုင်းတာလို့ ရတဲ့ စကားလုံးတွေနဲ့ ပုံဖော်ခိုင်းတာလို့ ပြောရောကွ"

"ကျွန်တော် တတ်နိုင်သလောက် ပြောပြပါ့မယ်လို့ ငါက ပြောတော့၊ ဟုတ်ပြီ ... ထရီနဲလ် မင်း လက်တွေ့ကျကျ ပြောကြည့်စမ်းကွာ" တဲ့။

"ကျွန်တော် မသိဘူးလို့ ငါက ပြောမိတော့ အဲဒါဆို ငါ့ အချိန်ကို မဖြုန်းနဲ့တော့တဲ့။ ထွက်သွားပေါ့ကွာ ပြောချင်တာက"

"ငါ ခဏတော့ ကြောင်သွားတယ်။ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ ငါတို့နှစ်ယောက် အပ်ကျသံတောင် ကြားလောက်အောင် တိတ်ဆိတ်နေတယ်"

လို့ ထရီနဲလ်က သူ့ ပထမဆုံး တစ်မိနစ်မန်နေဂျာနဲ့ အတွေ့အကြုံကို ကောင်လေးကို ပြောပြတယ်။ ပြီးတော့ သူကပဲ ဆက်ပြီး

"အဲ့ဒီအချိန်မှာကွာ သူက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်ပြီး စကားတစ်ခွန်းပြောတယ်။ မင်းမှာ ပြဿနာတွေကို လက်တွေ့ကျကျ မပြောနိုင်ဘူးဆို မင့်မှာ တကယ့် တကယ် ဘာပြဿနာမှ မရှိဘူးတဲ့။ မင်း အဲဒါ စောဒကတက်နေတာပါပဲတဲ့။ ပြဿနာဆိုတာ မင်းဖြစ်ချင်တာနဲ့ ဖြစ်နေတာ ကွာခြားမှ ပေါ်ပေါက်လာတဲ့အရာတဲ့"

"အဲလိုလဲ ပြောလိုက်ရော ငါ ချက်ချင်း သဘောပေါက်သွားတယ်။ ငါ ဖြစ်ချင်တာတွေ သူ့ကို ပြောပြတယ်။ တကယ် ဖြစ်နေတာတွေ ပြောပြတယ်။ ကြားထဲက ကွဲလွဲချက်တွေကို ငါက ပြောပြတော့ ငါ့ကို

mgyoe.com

mgyoe.com


အဲဒီ ကွဲလွဲချက်တွေ ဘာလို့ ဖြစ်ရသလဲလို့ ရှာဖွေခိုင်းတယ်ကွာ။ အဲဒါ တွေလည်း ငါ့က ပြောပြတော့ ငါ့ကို သူ မေးတာက...

"အဲဒီ ကွဲလွဲချက်တွေကို မင်း ဘာလုပ်မလဲတဲ့" လို့ ထရိန်နဲလ်က အားရပါးရ ပြောပြတယ်။

mgyoe.com

mgyoe.com


ပြီးတော့ ထရီနဲလ်ကပဲ ဆက်ပြီး

"ငါက အဖြေတစ်ခုကို ပြောလိုက်တယ်ကွာ။ သူက မင်း အဲ့ဒီ အဖြေကို လုပ်လိုက်တာနဲ့ မင်းဖြစ်ချင်တာ တကယ် ဖြစ်လာမလားလို့ ထပ်မေးတယ်"

"မဖြစ်နိုင်ဘူးလို့ ငါက ပြောတော့ သူက မင်းဟာက စိတ်ပျက်စရာ ဖြေရှင်းချက်ကြီးပေါ့ကွတဲ့။ မင်း ဘာ ထပ်လုပ်နိုင်သေးလဲ ထပ်မေးတယ်။ ငါက Plan B ကို ထပ်ပြောတယ်။ သူကလည်း မင်း ဖြစ်ချင်တာ ဖြစ်လာမှာ သေချာလားဆိုတာပဲ ထပ်မေးတယ်။ ငါက ပြန်စဉ်းစားပြီး၊ မသေချာဘူး ဖြေပြန်တော့ အသုံးမကျတဲ့ ဖြေရှင်းချက်ပဲကွာ တဲ့။ ဘာထပ်လုပ်လို့ ရသေးလဲတဲ့။ အဲဒီ ပြဿနာကိုပဲ မင်းရဲ့ တစ်မိနစ် မန်နေဂျာကြီးက ထပ်မေးတယ်ကွာ"

ငါလည်း မိနစ် နည်းနည်းလောက် စဉ်းစားပြီး နည်းလမ်း C ကို အကြံပေးလိုက်ပြန်ရော။ ပြီးတော့ တကယ်လို့ ဒီနည်းလမ်း C ကို လုပ်လို့ ငါဖြစ်ချင်တာ မရရင် အသုံးချမရတဲ့ နည်းလမ်းဖြစ်ပြန်ရော မဟုတ်လားလို့ပါ ငါက မေးလိုက်တယ်ကွ"

"အဲဒီအချိန် တစ်မိနစ်မန်နေဂျာက ဘာပြန်ဖြေတယ် ထင်သလဲ။ ဟုတ်ပါ့ကွာ။ မင်း နည်းနည်း ဟုတ်လာပြီတဲ့။ ငါ့ကို သူက ပြုံးပြီးတော့ ပြောတာကွ။ ပြီးတော့ ထုံးစံအတိုင်းပေါ့ကွာ။ နောက်ထပ် ဘာနည်းလမ်း ရှိသေးလဲတဲ့"

mgyoe.com

mgyoe.com


"အဲဒီ အပေါ်က နည်းလမ်းသုံးခုကို ပေါင်းပစ်လိုက်မယ်လို့ ငါ ပြောလိုက်တယ်"

"စိတ်ဝင်စားစရာပဲလို့ သူက ပြန်ပြောတယ်"

"ဒီလိုလေ ကျွန်တော် A ကို ဒီတစ်ပတ်မှ လုပ်မယ်။ B ကို နောက်တစ်ပတ်၊ C ကို နောက်နှစ်ပတ်နေရင်ပေါ့။ အဲဒါဆို ဟုတ်တယ်။ ကျွန်တော့် ပြဿနာ ပြေလည်သွားမှာ။ ဒါ ဝမ်းသာစရာပဲ။ ပျော်ဖို့ ကောင်းတယ်။ ခင်ဗျားကို ကျေးဇူးတင်လိုက်တာ"

"ငါက အဲ့လိုပြောတော့ သူ တော်တော့်ကို စိတ်ဆိုးသွားခဲ့တယ်။ မင်းဟာမင်း ဖြေရှင်းတာကွ။ ငါ မင်းကို မေးခွန်းလေးပဲ မေးခဲ့တာ။ ခု ချက်ချင်း ဒီက ထွက်သွားပြီး ကိုယ့်ပြဿနာ ကိုယ်ရှင်းတော့။ ငါနဲ့ မဆိုင်ဘူးလို့ ပြောတော့တာပဲ"

"ငါက သူ ဘာလုပ်လိုက်လဲဆိုတာကို နားလည်တယ်။ သူ ငါ့ကို ပြဿနာ ဖြေရှင်းနည်းတစ်ခု ပြလိုက်တာပဲ။ ပြီးတော့ သူ မတ်တတ်ရပ်တယ်။ ငါ့ကို ကြည့်ပြီး ထရီနဲလ်၊ မင်း တော်တယ်။ နောက်တစ်ခါ ပြဿနာကြုံတိုင်း ဒီနည်းလမ်းကို မှတ်ထားလို့ ပြောခဲ့တယ်။ သူ့ ရုံးခန်း ထဲက ထွက်ခဲ့တဲ့ အချိန် ငါ့ရဲ့ အပြုံးကို ခုထိ မှတ်မိနေသေးတယ်"

လို့ ပြောပြီး ထရီနဲလ်က သူ့ရဲ့ တစ်မိနစ် မန်နေဂျာကြီးနဲ့ ပထမဆုံးအကြိမ် တွေ့ဆုံမှုကို နိဂုံးချုပ်လိုက်တယ်။ လူကတော့ နံရံမှာ မှီပြီး အတိတ်ကို ပြန်သတိရလို့ပေါ့။

"အဲဒီတော့"ဆိုပြီး လူငယ်လေးက သူ ကြားခဲ့သမျှ သဘောပေါက်သလောက်ကို ပြန်ပြောပြပါတော့တယ်။

mgyoe.com

m.gyoe.com


# 01 တစ်မိနစ် ပန်းတိုင် အနှစ်ချုပ်

လူငယ်လေး ပြောပြတဲ့ တစ်မိနစ်ပန်းတိုင်တစ်ခု ချမှတ်ခြင်းနဲ့ ပတ်သက်တဲ့အနှစ်ချုပ်က ...

၁။ ပန်းတိုင်နဲ့ ပတ်သက်ပြီး သဘောတူညီမှုရယူပါ။
၂။ ရလဒ်ကောင်းဆိုတာ ဘာဆိုတာနဲ့ ဘယ်လိုသတ်မှတ်ကြောင်း ရှင်းပြပါ။
၃။ ပန်းတိုင်တိုင်းကို စာမျက်နှာတစ်မျက်နှာ စာလုံးရေ ၂၅၀ အတွင်း ချရေးပါ။ တစ်မိနစ်နဲ့ အပြီးဖတ်နိုင်အောင်ပါ။
၄။ ပန်းတိုင်တွေကို ထပ်ခါ ထပ်ခါ ဖတ်ပါ။ တစ်ခါဖတ် တစ်မိနစ်ပဲ ကြာတဲ့အတွက် မင်းလုပ်ကို လုပ်နိုင်ပါတယ်။
၅။ နေ့တိုင်း တစ်မိနစ် အချိန်ယူပြီး လုပ်ရပ်နဲ့ အလုပ်ကို ပြန်ဆန်းစစ်ပါ။
၆။ မင်းရဲ့ လုပ်ဆောင်မှုတွေက မင်း ပန်းတိုင်နဲ့ ကိုက် မကိုက် အဖန်ဖန် အထပ်ထပ် ပြန်ပြီး စဉ်းစားပါ။

m.gyoe.com

mgyoe.com


"အေး အဲဒါပါပဲ"လို့ ထရိုနဲလ်က ပြောတယ်။ "မင်း တတ်လွယ်သားပဲ"

"ကျေးဇူးတင်ပါတယ်" လို့ ကောင်လေးက တုံ့ပြန်လိုက်တယ်။ ကျေနပ်မှုတွေအပြည့်နဲ့ပေါ့။ "ဒါပေမဲ့ ကျွန်တော့်ကို စာအုပ်ထဲ ချရေးခွင့် ပေးပါဦး။ အမြဲတမ်း မှတ်မိနေအောင်ပေါ့"လို့ဆိုပြီး သူ့မှာ ပါလာတဲ့ စာအုပ်ကိုထုတ်ပြီး ရေးမှတ်ပါတယ်။ ပြီးတော့ ချက်ချင်းပဲ . . .

"ခင်ဗျားပြောတာ တစ်မိနစ် မန်နေဂျာရဲ့ လျှို့ဝှက်ချက်က သုံးခုဆို ကျန်တဲ့ နှစ်ခုက ဘယ်မှာလဲ"လို့ မေးတော့ "မင်း အဲဒါကို လယ်ဗီကို မေးသင့်တယ်။ မင်း ဒီနေ့ သူနဲ့ တွေ့ဖို့ ရွေးထားတယ်မို့လား"လို့ ပြန်ဖြေတယ်။

လူငယ်လေး သိပ်ကို အံ့ဩသွားတယ်။ သူ့ရဲ့စိတ်ကို ဘယ်လိုသိနေလဲပေါ့။

ဒါပေမဲ့ "ဟုတ်တယ်"လို့ ပြန်ဖြေပြီး မစ္စတာထရိုနဲလ်နဲ့ လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ "ကျေးဇူးတင်ပါတယ် ဆရာ"လို့ ပြောလိုက်တယ်။

"ကြိုဆိုပါတယ်ကွာ"လို့ ထရိုနဲလ်က ပြန်ပြောပြီး "အချိန်က ငါ့ကို အတော် ပြောင်းလဲလိုက်တာကွ။ ငါ ခုဆို တစ်မိနစ် မန်နေဂျာတစ်ယောက် ဖြစ်နေပြီလေ"တဲ့။

mgyoe.com

mgyoe.com

# ဒုတိယလှျို့ဝှက်ချက် – တစ်မိနစ် ချီးမြှောက်ခြင်း

ထရိုနဲလ်ရဲ့ ရုံးခန်းထဲက ထွက်လာတဲ့ လူငယ်လေးမှာ အတွေးတွေနဲ့ပေါ့။

"ဟုတ်တယ်လေ သူနဲ့ သူ့တပည့်တွေ ဘယ်လုပ်ရမယ်ဆိုတာတောင် သဘောတူညီမှုမရရင်၊ ဘယ်လိုလုပ်ရင် အကောင်းဆုံးလဲဆိုတာ မသိရင် ဘယ်လို အလုပ်သွားလုပ်ကြမလဲ။ သိပ်မှန်တာပဲ"လို့ တစ်ကိုယ်တည်း ပြောရင်း အဆောက်အဦရဲ့ ဒေါင့်ဆုံး ဓာတ်လှေကားကနေ ပထမထပ်ကို တက်လာခဲ့တယ်။

မစ္စတာလယ်ဗီရဲ့ အခန်းရောက်တော့ သူ အံ့သြသွားတယ်။ မစ္စတာ လယ်ဗီဟာ တော်တော်ငယ်သေးတယ်။ ၂၉၊ ၃၀ နှစ်လောက်ပဲ ထင်ရမယ်။

"ဘယ်လိုလဲ ငါတို့လူကြီးနဲ့ တွေ့လာခဲ့ပြီလား။ သိပ်တော်တဲ့ လူနော်"လို့ နှုတ်ဆက်တယ်။

တစ်မိနစ်မန်နေဂျာအပေါ် သိပ်တော်၊ သိပ်မိုက်ဆိုတဲ့ စကားတွေဟာ လူငယ်လေးအတွက်တော့ ရိုးနေပါပြီ။ ဒါပေမဲ့ "ဟုတ်ပါတယ်" လို့တော့ ပြန်ဖြေလိုက်ရတယ်။

"ဘယ်လိုလဲ မင်းကို တစ်မိနစ် မန်နေဂျာတစ်ယောက်အကြောင်း မပြောပြလိုက်ဘူးလား"

"ပြောပြလိုက်ပါတယ်။ အဲဒါ တကယ်မဟုတ်ဘူး မဟုတ်လား

mgyoe.com

mgyoe.com


ဟင်"လို့ ထရိန်လ်နဲ့ မတူတဲ့အဖြေကို ရမလားလို့ မေးလိုက်တယ်။

"ဟား သိပ်ဟုတ်တာပေါ့။ ငါဆို သူ့ကို တွေ့ဖို့ သိပ်မလွယ်ဘူး"

"ဆိုလိုတာက သူက ခင်ဗျားကို ဘာမှ မကူညီဘူးဆိုတဲ့ သဘောလား"

"ကူတော့ ကူပါတယ်။ တာဝန်အသစ်တွေ၊ အလုပ်သစ်တွေ စတိုင်းတော့ ငါ့ကို အချိန်နည်းနည်းပေးပြီး တွေ့ပါတယ်"လို့ လယ်ဗိက ထရိန်လ်လို တစ်သဝေမတိမ်း ပြန်ဖြေတော့ ...

"ကျွန်တော့်ကို တစ်မိနစ် ပန်းတိုင်အကြောင်း ပြောမလို့လား။ ကျွန်တော် သိပြီးသွားပြီဗျ"လို့ ကောင်လေးက ဖြတ်ပြောလိုက်တယ်။

mgyoe.com

mgyoe.com


"တကယ်တော့ ကျွန်တော်စဉ်းစားနေတာ တစ်မိနစ်ပန်းတိုင် အကြောင်းမဟုတ်ဘူးဗျ။ ကျွန်တော်က တစ်မိနစ် ချီးမြှောက်ခြင်းကို ပြောချင်တာ"

"ဘာ တစ်မိနစ် ချီးမြှောက်ခြင်းဟုတ်လား" လူငယ်လေးက သံ ယောင်လိုက်ပြောတယ်။

"အဲဒါက တစ်မိနစ်မန်နေဂျာရဲ့ ဒုတိယလျှို့ဝှက်ချက်လားဟင်" လို့လည်း မေးလိုက်တယ်။

"သိပ်ဟုတ်တာပေါ့" လယ်ဗီက ပြန်ဖြေတယ်။ "တကယ်တော့ ကျွန်တော် ဒီအလုပ်ကို စရောက်ခါစက တစ်မိနစ်မန်နေဂျာကြီးက သူ ဘာလို့ အဲဒီလို လုပ်တယ်ဆိုတာ ရှင်းပြခဲ့ဖူးတယ်"

"အဲ့ဒါက ဘာလဲ"လို့ ညော့်သည်လေးက မေးပါပြီ။

"သူက ပြောတာက အကယ်၍ ကျွန်တော်သာ သူ့ဆီက ကြည် လင်ပြတ်သားတဲ့ မှတ်ချက်တစ်ခုရမယ်ဆို ကျွန်တော့်အတွက် လုပ်ရ ကိုင်ရတာ ပိုလွယ်မယ်တဲ့။ ပြီးတော့ သူက ပြောသေးတယ်။ သူက ကျွန်တော့်ကို အောင်မြင်စေချင်တာတဲ့။ သူက ကျွန်တော့်ကို အဖွဲ့အစည်း ကို ကောင်းကောင်း အကျိုးပြုစေချင်ရုံမက အလုပ်မှာလည်း ပျော်စေ ချင်တယ်တဲ့"

"အဲဒီတော့ သူပြောတာက ကျွန်တော် ကောင်းကောင်းလုပ်နိုင်တဲ့ အခါဖြစ်စေ၊ ဆိုးဆိုးရွားရွား ဖြစ်တဲ့အခါဖြစ်စေ၊ တိကျတဲ့ မှတ်ချက် တစ်ခုပေးနိုင်အောင် လုပ်မယ်တဲ့"

"ပြီးတော့ သတိပေးလိုက်သေးတယ်။ အဲဒါက အစမှာတော့ တို့ နှစ်ယောက်စလုံးအတွက် သိပ် အဆင်ပြေဦးမှာ မဟုတ်ဘူးတဲ့"

mgyoe.com

mgyoe.com


"ဘာလိုလဲဗျ" ညော့်သည်လေးက ဝင်မေးတယ်။

"ဘာလို့ဆို သူက ပြောပြတာက များသောအားဖြင့် မန်နေဂျာတွေက အလုပ်သမားနဲ့ အသားမကျတဲ့နည်းလမ်းနဲ့ မအုပ်ချုပ်ချင်ကြဘူးတဲ့။ ဒါပေမဲ့ သူ့ရဲ့ မှတ်ချက်တိုင်းကတော့ ကောင်းကောင်း အကျိုးပြုမယ် ပြောတာပဲ"

"ခင်ဗျား ကျွန်တော့်ကို ဥပမာတစ်ခုလောက်နဲ့ ရှင်းပြပေးလို့ ရမလား" လို့ လူငယ်လေးက တောင်းဆိုလိုက်တယ်။

mgyoe.com

mgyoe.com


"သိပ်ရတာပေါ့" လယ်ဗီက ပြန်ပြောတယ်။ "ကျွန်တော် အလုပ်လုပ်စ သိပ်မကြာခင် သတိပြုမိတာက ကျွန်တော့်ရဲ့ မန်နေဂျာဟာ ကျွန်တော်နဲ့အတူ တစ်မိနစ် ပန်းတိုင်ချပြီးတာနဲ့ ကျွန်တော့်ကို မျက်စိဒေါက်ထောက် ကြည့်နေတော့တာပါပဲ"

"မျက်စိဒေါက်ထောက်" လူငယ်လေးက မေးတယ်။

"ဟုတ်ပါ့ဗျာ။ ပထမဆုံး ကျွန်တော် ဘာလုပ်လဲ ဘာကိုင်လဲ လိုက်ကြည့်တယ်။ အမြဲတမ်း ကျွန်တော့်နောက်မှာ ရှိနေတတ်တယ်။ ဒုတိယ ကျွန်တော့်ရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်တဲ့ မှတ်တမ်းကို ခရေစေ့တွင်းကျဖြစ်အောင်ကို ကျပ်တော့တာပဲ။"

"သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်" လူငယ်လေးက ဝင်ပြောတယ်။ "သူ ဘာလို့ အဲလို လုပ်တာလဲ"

"ကျွန်တော်လည်း ပထမတော့ သူ ကျွန်တော့်ကို မယုံလို့ ထင်တာပေါ့။ နောက်တော့ သူ့ကို သတင်းပို့နေကျ လူဟောင်းတွေဆီက ပြန်ကြားမှပဲ အဖြစ်မှန်ကို သိတော့တယ်ဗျာ"

"အဲဒါက ဘာလဲ" လူငယ်လေးက သိချင်စိတ်နဲ့ အလောတကြီး မေးလိုက်တယ်။

"သူက ကျွန်တော် ဘယ်အချိန် အမှန်တွေ လုပ်မလဲဆိုတာ စောင့်ကြည့်တာဗျ"

"ဘာ ခင်ဗျား မှန်တာလုပ်မယ့်အချိန်ကို စောင့်ကြည့်တာလား" လို့ လူငယ်လေးက မယုံမရဲ ပြန်မေးလိုက်တယ်။

"ဟုတ်ပါ့" လယ်ဗီက ပြန်ဖြေတယ်။ "နေပါဦး ကျွန်တော့်တို့မှာ ဆောင်ပုဒ်တောင် ရှိသေးတယ်။ အဲဒါက ...."

mgyoe.com

mgyoe.com


" လူတွေကို

အလားအလာရှိအောင်

ဖြစ်ထွန်းအောင်

ကူညီပါ

သူတို့မှန်တာလုပ်မယ့်အချိန်ကို

စောင့်ကြည့်ပါ"

mgyoe.com

mgyoe.com


လယ်ဗီက ဆက်ပြောတယ်။ 'အခြားအဖွဲ့အစည်း တော်တော်များများမှာ မန်နေဂျာတိုင်းက ဘာကို စောင့်ဖမ်းကြမလဲ' လို့ လူငယ်လေးကို မေးလိုက်တယ်။

လူငယ်လေးက ခင်ဗျားလဲ သိသားပဲဆိုတဲ့အပြုံးနဲ့ 'တစ်ခုခု မှားတာကို စောင့်ဖမ်းကြတာပေါ့' လို့ ဖြေတယ်။

'ဟုတ်ပါ့ဗျာ' လယ်ဗီက ပြောတယ်။ 'ဒီမှာတော့ ကျွန်တော်တို့ လူတွေကို အကောင်းမြင်စိတ်သွင်းပေးထားတယ်ဗျ။ သူတို့က မှန်တဲ့ အချိန်ကိုပဲ စောင့်ဖမ်းကြရမှာ'

လူငယ်လေးက သူ့စာအုပ်ထဲမှာ အနည်းငယ် ရေးမှတ်ရင်း မေးလိုက်တယ်။ 'ဘာဆက်ဖြစ်သေးလဲ မစ္စလယ်ဗီ။ ဘယ်အချိန်မှာ တစ်မိနစ် မန်နေဂျာကြီးက ခင်ဗျားအမှန်တွေ လုပ်တာ ဖမ်းမိသွားသလဲ'ဆိုပြီး တော့ပေါ့။

'သူ ကျွန်တော့်ကို တစ်မိနစ်ချီးမွမ်းခန်းဖွင့်တဲ့ အချိန်မှာပေါ့'လို့ လယ်ဗီက ကြည်ကြည်နူးနူး ဖြေတယ်။

mgyoe.com

mgyoe.com


"အဲဒါက ဘာကို ဆိုလိုတာလဲဗျ" လူငယ်လေးက သိပ်ကို သိချင်နေပါပြီ။

"ကောင်းပြီ ပြောပြရတာပေါ့။ အကယ်၍ ခင်ဗျား ကောင်းတာ တစ်ခုခု လုပ်တာ သူသိသွားပြီဆိုရင် သူ ခင်ဗျားဆီ လာလိမ့်မယ်။ ပြီးရင် ပခုံးကို ရင်းရင်းနှီးနှီး ပုတ်ပြီး ဒါမှမဟုတ် သူငယ်ချင်းအရင်းကြီးတွေလို ပခုံးဖက်ပြီး နှုတ်ဆက်လိမ့်မယ်"

"အဲဒါက ခင်ဗျားကို အနှောင့်အယှက် မဖြစ်ဘူးလား" "ခင်ဗျားကို ထိတဲ့အချိန်လေ"လို့ လူငယ်လေးက မေးတယ်။

"မဖြစ်ပါဘူး"လို့ လယ်ဗီက ဖြေတယ်။ "ပြောရမယ်ဆို အားတောင်ရှိသေးတယ်။ ကျွန်တော့်ကို သူ ဂရုစိုက်တယ်ဆိုတာ သိတယ်။ ပြီးတော့ သူက အမြဲပြောတယ်။ ဝန်ထမ်းတွေ အမြဲကောင်းရင် အဖွဲ့အစည်းလည်း ကောင်းမယ်ဆိုတာပေါ့"

"သူ အဲဒါ လုပ်တာ ခဏလေးပါပဲ။ ဒါပေမဲ့ အဲဒီလိုလုပ်လိုက်တိုင်း ကျွန်တော်တို့က တစ်ဖွဲ့တည်းဆိုတဲ့ ခံစားချက်ကို ရတယ်ဗျာ"

"ဘာပဲဖြစ်ဖြစ်ပါ"။ အဲဒီလိုလုပ်ပြီးတော့ လယ်ဗီက ဆက်ပြောတယ်။ "ကျွန်တော့်မျက်လုံးကို တည့်တည့်ကြည့်ပြီး ကျွန်တော် ဘာတွေကို ဘယ်လိုကောင်းမွန်စေခဲ့တယ်ဆိုတာရယ်၊ သူ အဲ့ဒီအတွက် ဘယ်လောက်ကျေနပ်တယ်ဆိုတာရယ် ပြောပြတယ်ဗျ"

"ကျွန်တော် တစ်ခါမှ မကြားဖူးဘူး"လို့ လူငယ်လေးက ပြောတယ်။ သူ တစ်မိနစ်မန်နေဂျာကို တော်တော်ကြွေသွားတယ်။ "အဲဒါ ခင်ဗျားကို တော်တော် ဝမ်းသာစေမှာပဲ"လို့လည်း မစွတာလယ်ဗီက ပြောလိုက်တယ်။

mgyoe.com

mgyoe.com


"သေချာတာပေါ့" လယ်ဗီက အတည်ပြုတယ်။ "အကြောင်းကြောင်းကြောင့် ပထမဆုံးအနေနဲ့ ကျွန်တော်ကောင်းတာ လုပ်မိတဲ့အခါ ချီးကျူး ခံရတယ်" သူ ကောင်လေးကို ပြုံးပြတယ်။ ပြီးတော့ ရယ်တယ်၊ ပြီးတော့ ဆက်ပြောတယ်။ "အဲဒီတော့ တစ်နှစ်တစ်ခါမှရတဲ့ လုပ်ရည်ကိုင်ရည် ဆန်းစစ်ချက်ကို မမျှော်လင့်တော့ဘူး။ အဲဒီ ခံစားချက်ကို ခင်ဗျားသိလား"

နှစ်ယောက်စလုံး ပြိုင်တူရယ်လိုက်ကြတယ်။

"ဒုတိယအနေနဲ့တော့ ကျွန်တော်က ဘယ်နေရာမှာ၊ ဘယ်လို အကောင်းဆုံးလုပ်နိုင်ခဲ့တယ်ဆိုတာ သေချာပြောပြခြင်းဖြင့် သူက ခင်မင်နှစ်လိုဖွယ်ကောင်းတဲ့၊ ရိုးသားတဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်တာ ကျွန်တော် ယုံလာတယ်၊ တတိယတစ်ခုအနေနဲ့တော့ သူက အမြဲတမ်း မပျက်ကွက်ခဲ့ဘူး".

"မပျက်ကွက်ဘူး"လို့ လူငယ်လေးက သိချင်ဇောနဲ့ သံယောင်လိုက်တယ်။

"ဟုတ်ပါ့၊ မပျက်ကွက်ဘူးဗျာ" "သူ့အတွက် သိပ်မကောင်းစေဘဲ ကျွန်တော် လုပ်လိုက်တဲ့အရာက မှန်နေရင်တောင် သူက ကျွန်တော့်ကို ချီးကျူးတယ်။ သူ့အနေနဲ့ဆိုတာထက် ကျွန်တော့်ရဲ့ လက်ရှိအခြေအနေ၊ ကျွန်တော့်အနေအထားနဲ့ လုပ်နိုင်တာလေးတွေကို သူက ချီးကျူးတာ၊ တချို့ကိစ္စတွေက သူ့အနေနဲ့ဆိုရင်တော့ လိုအပ်ချက်တွေရှိတာပေါ့လေ"

"အဲဒီ ချီးကျူးမှုတွေက မန်နေဂျာရဲ့ အချိန်တွေကို တော်တော်များများ ကုန်စေတယ် မဟုတ်လား" လို့ လူငယ်လေးက မေးတယ်။

mgyoe.com

mgyoe.com


"အဲဒီလောက်တော့ မဟုတ်ပါဘူး" လယ်ဗီက ဖြေတယ်။ "လူတစ်ယောက်ကို ချီးမွမ်းဖို့၊ သင့်ရဲ့ လိုလားတဲ့ ခံစားချက်ကို ပြဖို့ အချိန်သိပ်မလိုပါဘူးဗျာ။ တစ်မိနစ်တောင် မလိုဘူး အမှန်ဆိုရင်"

"သြော် အဲဒါကြောင့် တစ်မိနစ် ချီးမွမ်းခန်းလို့ ပြောပြတာကိုး" လို့ လူငယ်လေးက ပြောတယ်။ "ဟုတ်ပဲ့" လယ်ဗီက ထောက်ခံတယ်။

"သူက အဲလို မှန်တဲ့အချိန် အမြဲစောင့်ဖမ်းလား" လူငယ်လေးက ထပ်မေးလိုက်တယ်။

mgyoe.com

mgyoe.com


"အဲဒီလိုတော့ မဟုတ်ဘူးကွ" လယ်ဗိက ဖြေတယ်။ "ပရောဂျက်တွေ၊ အလုပ်သစ်တွေရဲ့ အစပိုင်းလောက်ပါပဲ။ ကျွန်တော်တို့အတွက် တာဝန်အသစ်တွေရတဲ့အခါပေါ့။ အလုပ်မှာ တကယ်ပိုင်ပိုင်နိုင်နိုင်ရှိသွားပြီဆိုရင် သူ မရှိတော့ဘူး"

"ဘာလို့လဲ" လူငယ်ကမေးတယ်။

"ဘာလို့ဆို ခင်ဗျားနဲ့ သူနဲ့ကြား ချီးမြှောက်တာကို သိမ်းဖို့နည်းလမ်းကလည်း ရှိသွားပြီလေ။ နှစ်ယောက်စလုံးက အရောင်းမှတ်တမ်းတွေ၊ အသုံးစရိတ်တွေ၊ ထုတ်လုပ်မှုအချိန်ဇယားတွေ၊ တိုးတက်နှုန်းစတာတွေကို စနစ်ထဲကနေကြည့်နိုင်ပြီလေ။ ကိုယ်တစ်ခုခုအောင်မြင်ပြီဆိုတာနဲ့ ကိုယ့်ဟာကိုယ်ကို ချီးမြှောက်ပေတော့ပဲ။ ပြီးတော့ သူကလည်း သင့်အနား အမြဲရှိမနေဘဲ အဲဒီအချိန်မှာ လာချီးမြှောက်တဲ့အခါ ခင်ဗျားလည်း အံ့ဩမှာပဲ။ ကျွန်တော် ဒီအလုပ်လောက် ဘယ်အလုပ်မှာမှ ကြိုးကြိုးစားစား မလုပ်ဖူးဘူး။"

"သိပ်စိတ်ဝင်စားဖို့ကောင်းတယ်နော်။ အဲဒီတော့ တစ်မိနစ် ချီးမြှောက်ခြင်းကလည်း တစ်မိနစ် မန်နေဂျာဖြစ်ဖို့ လျှို့ဝှက်ချက်တစ်ခုပေါ့"

"သိပ်ကိုဟုတ်တာပေါ့" လယ်ဗိက တောက်ပတဲ့အကြည့်တွေ ဂုဏ်ယူမှုတွေပြည့်နှက်နေတဲ့ မျက်နှာများနဲ့ ပြောတယ်။ တစ်ယောက်ယောက်က သူ့ဆီက တစ်မိနစ်လျှို့ဝှက်ချက်တစ်ခုရသွားတာကို ကြည်နူးနေရှာတယ်။

အဲဒီအချိန်မှာပဲ ငယ်ငယ်သည်လေးဟာ သူမှတ်စုကိုပြန်ကြည့်ပြီး တစ်မိနစ်ချီးမြှောက်ခြင်းအကြောင်း သူနားလည်သိမှတ်ရသလောက် ပြန်ရွတ်ပြတယ်။

mgyoe.com

mgyoe.com


# 01 တစ်မိနစ် ချီးမြှောက်ခြင်း အနှစ်ချုပ်

တစ်မိနစ်ချီးမြှောက်ခြင်းဟာ ဘယ်အချိန်မှာ ကောင်းကောင်း အလုပ်ဖြစ်မလဲဆိုတော့...

၁။ လူတွေကိုသူတို့ရဲ့ လုပ်ရပ်နဲ့ ဆောင်ရွက်ချက်အပေါ် မှတ်ချက်ပေးမယ်ဆိုတာ ပြောပြရမယ်။

၂။ ကောင်းတဲ့လုပ်ရပ်ပေါ်တာနဲ့ ချက်ချင်းပဲ ချီးမြှောက်ရမယ်။

၃။ ဘာလုပ်လိုက်လို့၊ ဘယ်လိုလုပ်လိုက်လို့ မှန်သွားတယ်ဆိုတာ သေချာ အသေးစိတ်ရှင်းပြရမယ်။

၄။ အဲဒီလုပ်ရပ်ကို သင်ဘယ်လောက်ကြိုက်ကြောင်း၊ အဖွဲ့အစည်းအတွက် ဘယ်လောက်အကျိုးရှိကြောင်း ပြောပြပါ။

၅။ သင့်ခံစားချက်ကိုနားလည်ဖို့ တိတ်ဆိတ်တဲ့ အချိန်တစ်ခုပေးရပါမယ်။

၆။ အလားတူ ကောင်းတဲ့ရလဒ်တွေ ထပ်ရဖို့ အားပေးရမယ်။

၇။ အားပေးဂုဏ်ပြုတဲ့ပုံပေါက်တဲ့ လက်ဆွဲနှုတ်ဆက်ခြင်း၊ ပခုံးပုတ်ခြင်းစတဲ့ အပြုအမူတွေကို နွေးနွေးထွေးထွေး လုပ်ပေးရပါမယ်။

mgyoe.com

mgyoe.com


"တတိယလျှို့ဝှက်ချက်ကကော" လို့ လူငယ်လေးက စိတ်လှုပ်ရှားစွာမေးတယ်။

လယ်ဗီက လူငယ်လေးရဲ့စိတ်အားထက်သန်မှုကို သဘောအကျကြီးကျပြီး ရယ်လိုက်တယ်။ "ခင်ဗျားဘာလို့ မစ္စဘရောင်းကို မမေးလဲ၊ ခင်ဗျားသူမနဲ့ တွေ့ဖို့စီစဉ်ပြီးသား မဟုတ်လား"

"ဟုတ်ပါတယ်"လို့ လူငယ်လေးက ဝန်ခံတယ်။ ပြီးတော့ "ကောင်းပါပြီ၊ အဲဒါဆို ခင်ဗျားရဲ့ အချိန်တွေအတွက် သိပ် ကျေးဇူးတင်ပါတယ်"လို့ ပြောပါတယ်။

"ကိစ္စမရှိပါဘူး" လယ်ဗီက တုံ့ပြန်တယ်။ "မင်း မြင်တဲ့အတိုင်း ငါက တစ်မိနစ်မန်နေဂျာဆိုတော့ ငါ့မှာ အချိန်က အများကြီးလေ"

ညှော်သည်လေးက ပြုံးတယ်။ အဲဒီလိုမျိုး သူ ကြားဖူးခဲ့ပါပြီ။

သူ သင်နေခဲ့ရတာတွေကို ပြန်စဉ်းစားချင်သေးတော့ လယ်ဗီဟာ အဆောက်အဦအပြင်က သစ်ပင်တန်းဆီကို လာခဲ့တယ်။ သူ ကြားခဲ့ရတဲ့ ရိုးရှင်းပြီး သဘာဝကျတဲ့၊ ယေဘုယျကျတဲ့ အမြင်တွေကို အံ့သြပြီးရင်း အံ့သြနေမိတယ်။

"သူတို့ ဘာလုပ်ရမယ်ဆိုတာနဲ့ ဘယ်လိုရလဒ်ထွက်ရမယ် ဆိုတာ သိပြီးတဲ့အခါ"

"တစ်မိနစ် ချီးမြှောက်ခြင်းက အလုပ်ဖြစ်ပါ့မလား"၊ "သူက သံသယ ရှိတယ်၊ အံ့လည်း အံ့သြနေတယ်။ "အဲဒီ တစ်မိနစ်အုပ်ချုပ်မှုအောက်က လူတွေဟာ အမြဲတမ်းလိုချင်တဲ့ ရလဒ်ရနိုင်ပါ့မလား"တဲ့ သူ စဉ်းစားနေမိတယ်။

mgyoe.com

mgyoe.com


သူ လျှောက်ရင်း လျှောက်ရင်း သံသယက ကြီးထွားလာပြီး သိချင်စိတ်ပြင်းပြလာတယ်။ အဲဒီတော့ သူ တစ်မိနစ်မန်နေဂျာရဲ့ အတွင်းရေးမှူး မစ်(စ်) မတ်ကဖေးဆီ ပြန်သွားပြီး မစ္စဘရောင်းနဲ့ ချိန်းထားတာကို မနက်ဖြန် မနက်ကို ရွှေ့ပေးဖို့ ပြောတယ်။

"မနက်ဖြန် မနက်က အဆင်ပြေပါတယ်။" အတွင်းရေးမှူးက ဖုန်းချပြီးရက်နဲ့ပြန်ဖြေတယ်။ "မစ္စဘရောင်းက ဗုဒ္ဓဟူးနေ့မနက်က လွဲလို့ ဘယ်အချိန်မဆို လာလို့ရတယ်လို့ ပြောပါတယ်"တဲ့။

ပြီးတော့ သူ တောင်းဆိုတဲ့အတိုင်း ချိန်းဆိုမှုအသစ်ဖြစ်တဲ့ မြို့ထဲက ရုံးချုပ်မှာရှိတဲ့ မစ်ဂိုမက်ဖ်လို့ ခေါ်တဲ့ ရုံးပိုင်းဆိုင်ရာ တာဝန်ရှိသူနဲ့ ချိတ်ဆက်ပေးတယ်။ "သူတို့မှာ ဒီကုမ္ပဏီတစ်ခုလုံးရဲ့ စက်ရုံတွေ၊ ရုံးခွဲတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ အကုန်ရှိပါတယ်"လို့ အတွင်းရေးမှူးက လူငယ်လေးကို သူသိပြီးသားပါဆိုတဲ့ ပုံစံနဲ့ ပြောခဲ့တယ်။

"ပြီးတော့ နှုတ်ဆက်ခါနီး ထပ်ပြောသေးတယ်။ "မင်းလိုချင်တာဘာမဆိုတွေ့ရမှာပါတဲ့" လူငယ်လေးက သူ့ကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာလာခဲ့တယ်။

mgyoe.com

mgyoe.com

## စစ်ဆေးခြင်း

နေ့လယ်စာစားပြီးတော့ လူငယ်လေးဟာ မြို့ထဲဘက်ကို ထွက်လာခဲ့ပါတယ်။ အဲဒီမှာ မစ္စဂိုမက်ဇ်နဲ့ တွေ့ပါတယ်။ သူမဟာ သိပ်ချောတဲ့၊ သိပ်ကြည့်ကောင်းတဲ့ အသက် ၄၀ ကျော် အမျိုးသမီးကြီးတစ်ဦးပါ။ ပြီးတော့ သူတို့စကား ပြောဖြစ်ကြတယ်။ "ဒီနိုင်ငံမှာ ဘယ်ရုံးခွဲက အထိရောက်ဆုံး၊ အတော်ဆုံးဆိုတာ ပြောပြလို့ ရမလား"လို့ ကောင်လေးက မေးပါတယ်။ "ကျွန်တော် တစ်မိနစ် မန်နေဂျာရဲ့ ရုံးနဲ့ နှိုင်းယှဉ် ကြည့်ချင်လို့ပါ"လို့လည်း ပြောလိုက်ပါတယ်။

ခဏကြာတဲ့အခါ မစ္စဂိုမက်ဇ် ပြောတာကို ကြားမိပြီး သူ ရယ်လိုက်ရတယ်။

"သိပ်အများကြီး မရှာပါနဲ့တော့။ မင်း လိုချင်တဲ့ဟာတွေဟာ တစ်မိနစ်မန်နေဂျာရဲ့ ရလဒ်တွေပါ။ သူက သိပ်တော်တဲ့ လူတစ်ယောက် မဟုတ်လား။ သူ့ရဲ့ စွမ်းဆောင်မှုဟာ ငါတို့ စက်ရုံတွေ အားလုံးထဲမှာ အထိရောက်ဆုံးနဲ့ အအောင်မြင်ဆုံး ပါပဲ"ဆိုတဲ့ စကားပါပဲ။

mgyoe.com

mgyoe.com


"အဲဒါဟာ မယုံနိုင်စရာပဲ" လူငယ်လေးက ပြောတယ်။

"သူ့မှာ ပစ္စည်းကောင်းကောင်း၊ ကိရိယာကောင်းကောင်းတွေ ရှိလို့လား"လို့လည်း မေးတယ်။

"မဟုတ်ပါဘူး။ သူ့မှာ အဟောင်းဆုံးတွေတောင် ရှိပါသေးတယ်" လို့ မစ္စဂိုမက်ဇ်က ဖြေတယ်။

"အဲဒါဆိုရင် တစ်ခုခုတော့ မှားနေပြီ"လို့ လူငယ်လေးက တစ်မိနစ်မန်နေဂျာရဲ့ အစွမ်းအစကို သံသယရှိသေးတဲ့ ပုံစံနဲ့ ပြောပါတယ်။ "ပြောပြပါဦး။ သူ့ လူတွေ တော်တော်များများ ထွက်ကုန်တာလား၊ သူ့ရဲ့ အလုပ်သမား ဝင်၊ ထွက်နှုန်းကကော"လို့ ထပ်မေးလိုက်တယ်။

"အင်း အဲဒါတော့ စဉ်းစားစရာပဲ။ သူ့ဆီမှာ ဝင်လိုက် ထွက်လိုက် သိပ်များတယ်"လို့ မစ္စဂိုမက်ဇ်က ပြောတော့ ...

"ဟာဟ" သူ ပြောတာ သူထင်တာ မှန်ပြီဆိုတဲ့ အသံနဲ့ လူငယ်လေးက ရေရွတ်တယ်။

mgyoe.com

mgyoe.com


"အဲဒီလို လူတွေ သူ့ဆီက ထွက်လာတော့ ဘာဖြစ်လဲ"လို့ လူငယ်လေးက မေးတော့ ...

"သူတို့ကို ကိုယ်ပိုင်ပရောဂျက်တစ်ခု၊ ဌာနတစ်ခုဆီ ပေးရတယ်လေ။ တစ်မိနစ် မန်နေဂျာဆီက ထွက်လာပြီးမှ ဘယ်မန်နေဂျာ လိုတော့မလဲ။ သူဟာ ငါတို့ရဲ့ အကောင်းဆုံး သင်ကြားပြသသူတစ်ယောက်ပါပဲ။ ငါတို့ ရုံးအသစ်၊ စက်ရုံအသစ်ဖွင့်လို့ သူ့ဆီ ဖုန်းဆက်လိုက်တိုင်း အဆင်သင့်ဖြစ်နေတဲ့ တစ်ယောက်တော့ သူ့ဆီက ရတာပဲ"လို့ မက်စ်ဂိုမက်ဇ်က ပြန်ဖြေတယ်။

အံ့သြသွားတဲ့ လူငယ်လေးဟာ မစ္စဂိုမက်ဇ်ကို သူ့အချိန်တွေအတွက် သိပ်ကို ကျေးဇူးတင်နေပါတော့တယ်။ ဒီတစ်ခေါက်တော့ သူမဆီက အချိန်နဲ့ ပတ်သက်လို့ မတူညီတဲ့ အဖြေစကားရတယ်။

"ငါ့အတွက် ရက်သတ္တပတ်ဟာ တကယ့်ကို ရှုပ်ယှက်ခတ်နေတာပဲ။ တစ်မိနစ်မန်နေဂျာရဲ့ လျှို့ဝှက်ချက်တွေကို ငါ သိချင်တယ်။ငါ သူနဲ့လည်း တွေ့ချင်တယ်။ ဒါပေမဲ့ ငါ့မှာ အချိန်မရှိဘူး"လို့ ဆိုတဲ့ စကားပါပဲ။

အဲဒီအခါလူငယ်လေးက ပြုံးပြီး "ကျွန်တော် သူ့ဆီက အကုန်သိရတဲ့အခါ သင့်ကိုလည်း မျှဝေပေးပါ့မယ်။ သူက အခု မျှဝေပေးသလိုပေါ့"

"အဲဒါ သိပ်ကောင်းတဲ့ လက်ဆောင်မွန်ပဲ"လို့ မစ္စဂိုမက်ဇ်က ပြောပြီး သူ့ရဲ့ ရှုပ်ပွနေတဲ့ ရုံးခန်းကို လိုက်ပြတယ်။ ပြီးတော့ လူငယ်လေးက တစ်မိနစ်မန်နေဂျာရဲ့ ရုံးခန်းနဲ့ သိပ်ကွာတဲ့ မစ္စဂိုမက်ဇ်ရဲ့ ရုံးခန်းကနေ ခေါင်းတညိတ်ညိတ်နဲ့ ပြန်လာခဲ့တယ်။

အဲဒီ ညတစ်ညလုံး သူ ကောင်းကောင်း အိပ်မပျော်ခဲ့ဘူး။ တတိယ လျှို့ဝှက်ချက်ကို သိရမယ့် နောက်နေ့အတွက် သူ ရင်ခုန်နေခဲ့တယ်။

mgyoe.com

mgyoe.com

# တတိယလျှို့ဝှက်ချက် – တစ်မိနစ်တရားဝင် သတိပေးခြင်း

နောက်တစ်နေ့ မနက် ကိုးနာရီအတိမှာ ရုံးရောက်တော့ မစ္စဘရောင်းနဲ့ တွေ့ရအောင်သွားတဲ့အခါ သူ့ကို ဆီးကြိုနေတာက အသက် ၅၀ အရွယ် အမျိုးသမီးကြီးတစ်ယောက်ပါ။ "တစ်မိနစ်မန်နေဂျာက သိပ်တော်တဲ့ လူတစ်ယောက်ပဲ မဟုတ်လား"လို့ ထုံးစံအတိုင်း မေးတဲ့ မေးခွန်းကို ဒီတစ်ခါတော့ "သိပ်ဟုတ်တာပေါ့"လို့ လူငယ်လေးက ရိုးရိုးသားသား လိုလိုချင်ချင်နဲ့ အဖြေပေးလိုက်ပါတယ်။

"သူက တစ်မိနစ်မန်နေဂျာဆိုတဲ့ အကြောင်း ပြောလိုက်သေးလား"လို့ မေးတော့ "ကျွန်တော့်ကို အဲဒါပဲ ပြောခဲ့တာလို့" လို့ လူငယ်လေးက ပြန်ဖြေတယ်။ ပြီးတော့ "အဲဒါ တကယ် မဟုတ်ဘူး မဟုတ်လား"လို့ ကွဲလွဲတဲ့အဖြေကို ရဖို့ မျှော်လင့်ချက် မလျှော့သေးဘဲ ပြောလိုက်တယ်။

"မင်း ယုံသင့်တယ်။ ငါဆို သူ့ကို တွေ့ခွင့်ကို မရတာ"

"အဲဒါဆို ခင်ဗျားက သူနဲ့ သိပ် အဆက်အသွယ် မရှိဘူးပေါ့။ အပတ်စဉ် အစည်းအဝေးတွေကလွဲရင်"လို့ မစ္စဘရောင်းကို လူငယ်လေးက မေးလိုက်တယ်။

"တကယ့်ကို နည်းပါတယ်။ ဒါပေမဲ့ ဟုတ်တယ်။ အမှားလုပ်တဲ့ အချိန်တိုင်းတော့ တွေ့ရတယ်"လို့ မစ္စဘရောင်းက ပြောတယ်။

mgyoe.com

mgyoe.com


"ခင်ဗျား အမှားလုပ်တဲ့အချိန်တွေပဲ တွေ့ရတာလို့ ပြောလိုက်သလား"လို့ အရမ်းအံ့သြပြီး ရှော့ခ်ရသွားတဲ့ ကောင်လေးက မေးလိုက်တယ်။ "ဟုတ်တယ် တစ်ခါတလေပေါ့"လို့ မစ္စဘရောင်းက ပြန်ဖြေပါတယ်။ "ဒါပေမဲ့ တော်တော်များများပဲလေ"လို့လည်း ထပ်ပြောတယ်။

"ဒါပေမဲ့ ကျွန်တော်သိတဲ့ ဒီကုမ္ပဏီရဲ့ ဆောင်ပုဒ်က သူတစ်ပါးအမှန်လုပ်မိတဲ့အချိန်ကို ရှာပါဆိုတာ မဟုတ်ဘူးလား"

"အဲဒါက ဟုတ်ပါတယ်။ ဒါပေမဲ့ မင်း ငါ့အကြောင်းကို အရင်သိထားသင့်တယ်"

"ဟုတ် ပြောပါဦး"လို့ လူငယ်လေးက ဆိုတော့ ...

"ငါ ဒီမှာလုပ်နေတာ နှစ်တွေ တော်တော်ကြာပြီ။ လုပ်ငန်းစဉ်တိုင်းကို အစအဆုံးလိုလို သိတယ်။ ရလဒ်ကတော့ တစ်မိနစ် ပန်းတိုင်တွေကို ငါ့ဟာငါချပြီး တစ်မိနစ်မန်နေဂျာဆီ ရေးတင်ရတယ်။ လူချင်းတွေ့ဖို့ တစ်မိနစ်မန်နေဂျာက ငါ့ကို အချိန်အများကြီး မပေးတော့ဘူး" လို့ မစ်စ် ဘရောင်းက ပြောတဲ့အခါ...

"ပန်းတိုင်တိုင်းက စာရွက်တစ်ရွက်စီလား"လို့ လူငယ်လေးက မေးတယ်။

"ဟုတ်တယ် စာလုံးရေ ၂၅၀ ထက် မပိုတဲ့အချက်တွေပေါ့။ တစ်မိနစ်မန်နေဂျာပဲဖတ်ဖတ်၊ ဘယ်သူပဲဖတ်ဖတ် တစ်မိနစ်ထက်မပိုတဲ့ ပမာဏပေါ့"

လို့ မစ္စဘရောင်းက ပြန်ဖြေတယ်။

mgyoe.com

mgyoe.com


"နောက်ပြီး ငါက ဒီအလုပ်ကို အရမ်းချစ်တယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ချီးမြှောက်တယ်လေ။ မှန်တဲ့အခါတိုင်းပေါ့။ တစ်မိနစ်မန်နေဂျာ မလိုပါဘူး"

"ဒါဆို တစ်မိနစ်မန်နေဂျာက လုံးဝ မလုပ်ပေးဘူးပေါ့ အဲဒီလိုမျိုး"လို့ လူငယ်လေးက မေးတော့ "တစ်ခါတလေတော့လည်း လုပ်ပါတယ်။ ဒါပေမဲ့ များသောအားဖြင့် ငါက သူနဲ့ အလောင်းအစား လုပ်တတ်လို့ပါ၊ ငါ တစ်ခုခု ကောင်းတာလုပ်တော့မယ့်အချိန်ဆို တစ်မိနစ်မန်နေဂျာကို ချီးမြှောက်ဖို့ လှမ်းပြောတယ်" လို့ မစ္စဘရောင်းက ဆိုတယ်။

"အဲဒီအချိန်ကို ခင်ဗျား ဘယ်လိုသိလဲ"လို့ လူငယ်လေးက မေးတော့ ...

"လွယ်ပါတယ်။ အဲဒီလို တောင်းဆိုတိုင်း ငါကိုယ့်ငါ အလောင်းအစားလုပ်လိုက်တယ်။ သူ့ဆီက ချီးမြှောက်မှုရရင် ငါတော်လို့ပေါ့။ မရတော့လည်း အရှုံးမရှိပါဘူး"

လူငယ်လေးက အဒေါ်ကြီးရဲ့ သိအိုရီကို နှစ်ခြိုက်စွာ သဘောကျပြီး ပြုံးလိုက်တယ်။

"ဒါပေမဲ့ သူက ခင်ဗျားအမှားလုပ်မိတဲ့အချိန်ဆိုရင်တော့ ခင်ဗျားအတွက် အချိန်ပေးတယ်လို့ ပြောခဲ့တယ်နော်။ အဲဒါကရော ဘာကိုဆိုလိုသလဲ"လို့ ဆိုတော့ ...

"ငါ အမှားကြီးကြီး လုပ်မိပြီဆိုရင်တော့ သူက ငါ့ကို ခေါ်ပြီး တစ်မိနစ် တရားဝင် သတိပေးတယ်"

"တစ်မိနစ်စာ"လို့ လူငယ်လေးက ပြန်မေးတယ်။

mgyoe.com

mgyoe.com


"တစ်မိနစ် သတိပေးတာပါ။ တစ်မိနစ်မန်နေဂျာဖြစ်ဖို့ လျှို့ဝှက်ချက်တစ်ခုပေါ့"လို့ မစ္စဘရောင်းက ပြန်ဖြေတယ်။

"အဲဒါက ဘယ်လိုလုပ်တာလဲ"လို့ လူငယ်လေးက မေးလိုက်ပါတယ်။

"သိပ်ကို ရိုးရှင်းပါတယ်"လို့ မစ္စဘရောင်းက ပြောတယ်။

"အဲဒါ ကျွန်တော့်ကို ပြောပြမယ် မဟုတ်လား"လို့ လူငယ်လေးက တောင်းဆိုလိုက်တယ်။

"မင်း အလုပ်တစ်ခုကို စလုပ်ပြီး အဲဒီအလုပ်ကလည်း မင်း သိပြီးသား အလုပ်ဆိုရင် မင်းတစ်ခုခု မှားပြီဆိုတာနဲ့ တစ်မိနစ်မန်နေဂျာက မင်းကို ချက်ချင်းတုံ့ပြန်လိမ့်မယ်"

"သူအမှားကို သိသိချင်း မင်းစားပွဲကို ရောက်လာတယ်။ အမှားကို အတည်ပြုမယ်။ ပြီးရင် မင်းပခုံးကို (သို့မဟုတ်) မင်း စားပွဲစွန်းကို လက်ထောက်ပြီး နေလိမ့်မယ်"

"အဲဒါက ခင်ဗျားကို စိတ်မပျက်စေဘူးလား"လို့ လူငယ်လေးက ဖြတ်မေးတယ်။

"သိပ်ဖြစ်တာပေါ့။ သူ့မျက်နှာမှာက အပြုံးမရှိခင်ကတည်းက ဘာဖြစ်လာမယ်ဆိုတာ ကြိုသိနေတာကိုး"

"ပြီးရင်တော့ သူ အဲဒီအပြစ်လုပ်မိသူကို တည့်တည့်ကြီး ကြည့်ပြီး ဘာလို့ မှားတယ်ဆိုတာ တိတိကျကျ သေသေချာချာ ရှင်းပြတယ်။ နောက်ဆုံးတော့ သူ ခံစားချက်တွေကို ရင်ဖွင့်တော့တာပဲ။ စိတ်တိုတယ်။ ဒေါသဖြစ်တယ်။ အနှောင့်အယှက်ဖြစ်တယ် စသည်ဖြင့် သူခံစားရရာပေါ့"

mgyoe.com

mgyoe.com


"အဲဒါက ဘယ်လောက်ကြာလဲ"လို့ လူငယ်လေးက မေးတဲ့အခါ "စက္ကန့်သုံးဆယ်လောက်ပါပဲ"လို့ မစ္စဘရောင်းက ဖြေတယ်။

လူငယ်လေးက သူဆုံးဖြတ်ချက် မပြတ်သားခဲ့စဉ်က တစ်မိနစ်မန်နေဂျာကြီး စိတ်တိုပုံကို ပြန်သတိရနေတယ်။ "ပြီးရင်ရော"လို့ သူက ထပ်မေးလိုက်တယ်။

"ပြီးရင် မင်း မျက်လုံးကို သေချာကြည့်ပြီး မင်းကို သူ ဘယ်လောက်မျှော်လင့်ထားကြောင်း၊ မင်းဟာ အရည်အချင်း ပြည့်ဝကြောင်း၊ ခု ဖြစ်ရပ်ဟာ မင်းနဲ့ မတူကြောင်း၊ နောင်မှာ သူ မင်းကို ဘယ်လောက်ဖြစ်စေချင်ကြောင်းပြောပြီး သူဟာ မင်းကို စိတ်တိုတာ မဟုတ်ဘဲ၊ မင်းလုပ်ရပ်၊ အထူးသဖြင့် မင်းရဲ့ အခုလုပ်ရပ်ကို စိတ်တိုတာ၊ သတိပေးတာ ဖြစ်ကြောင်း ရှင်းပြလိမ့်မယ်။

"အဲဒါက သင့်ကို နှစ်ခါပြန်စဉ်းစားစေမှာပဲ"လို့ လူငယ်လေးက ပြောလိုက်တယ်။

"သိပ်ကို သေချာတာပေါ့။ ငါ သူ့ကို အပြစ်ပုံမချဘဲ၊ ငါ့အတွက်ပဲ ထိခိုက်ပြီး သူ အနေသာကြီးဆိုတဲ့ ကိစ္စတွေမှာတောင် ငါ့ကို သူ သတိခေါ်ပေးပါတယ်"လို့ မစ္စဘရောင်းက တစ်မိနစ်မန်နေဂျာအပေါ် သစ္စာရှိစွာ ပြောတယ်။

mgyoe.com

"ဆိုလိုချင်တာက သူ့အတွက် မထိခိုက်လည်း ခင်ဗျားကို သတိပေးတယ်ဆိုတဲ့ သဘောလား"လို့ လူငယ်လေးက မေးတယ်။

"ဟုတ်ပါ့"လို့ သူမက ဖြေတယ်။

"ပြီးတော့ အဲဒီ သတိပေးဖြစ်စဉ်က တကယ့်ကို တစ်မိနစ်ပဲ ကြာတာလား"လို့ လူငယ်လေးက မေးလိုက်တယ်။

"ခါတိုင်းတော့ အဲဒီလိုပါပဲ"လို့ သူမက ပြောတယ်။ "အဲဒါ ပြီးသွားတော့ရော၊ အဲဒါ ပြီးသွားလည်း တစ်မိနစ် သတိပေးချက်က တစ်သက်လုံး ခံမှာပါ။ အချိန်လေးက ဘယ်လောက်မှ မကြာပေမယ့် သူ့ရဲ့ စေတနာကြောင့် တစ်သက်လုံး မမေ့တော့ဘဲ အဲဒီလို အမှားကို ထပ်လုပ်မိဖို့ ရှားသွားပြီ"

"ကျွန်တော် ခင်ဗျားပြောတာ နားလည်ပါတယ်"လို့ လူငယ်လေးက ပြောတယ်။ "ဒါပေမဲ့ ကျွန်တော်စိုးရိမ်တာက ကျွန်တော် သူ့ကို ထပ်မေးခဲ့ရင်"

"မင်း ထပ်မေးမှာ မဟုတ်ပါဘူး"လို့ မစ္စဘရောင်းက စကားမဆုံးခင် ဖြတ်ပြောတယ်။

"ဒါပေမဲ့ လူငယ်လေးက "ကျွန်တော် မေးခဲ့တယ်။ သူ့ကို နှစ်ခါပြန်မေးခဲ့တယ်"လို့ လူငယ်လေးက ဝန်ခံလိုက်တယ်။

mgyoe.com

mgyoe.com


"အဲဒါဆိုရင် မင်း တစ်မိနစ် သတိပေးခံရခြင်းတွေရဲ့ အဆုံးမှာ ရတတ်တဲ့ ခံစားမှုကို ရရှိခဲ့ပြီ ထင်ပါတယ်။ ငါ့အထင်အရတော့ မင်းက ဧည့်သည်ဆိုတော့ နည်းနည်းတော့ ပျော့မှာပါလေ"

"အဲဒါကို ပျော့တယ်ဆိုရင်တော့ မသိဘူး"လို့ လူငယ်လေးက ပြောတယ်။ "ဒါပေမဲ့ ကျွန်တော် နောက်ဆို သူ့ကို နှစ်ခါ ထပ်မေးမိမှာ မဟုတ်တော့ဘူး" "အဲဒါက အမှားတစ်ခုပဲ"လို့ လူငယ်လေးက ဆက်ပြောတယ်။

"ကျွန်တော် အံ့ဩတယ်" လူငယ်လေးက ကျယ်လောင်စွာ ရေရွတ်တယ်။ "တစ်မိနစ် မန်နေဂျာကြီးကရော ဘယ်တော့မှ မမှားတော့ဘူးလား" သူ့ကို ကြည့်ရတာ သိပ်ပြီး ပြည့်စုံနေသလိုပဲ။

မစ္စဘရောင်းက ရယ်ပါတယ်။ "မှားခဲ့ပါတယ်"လို့ ပြောတယ်။ "ဒါပေမဲ့ သူ့မှာ သိပ်တော်တဲ့ ဟာသဉာဏ်ရှိတယ်။ အဲဒီတော့ တစ်ခါတစ်ရံ ခေါ်သတိပေးပြီးလို့ တစ်မိနစ်ပြည့်တော့ ပြန်ပြီး အားပေးရမယ့် အပိုင်းကျန်ခဲ့ရင် သူ့ကို ပြန်နောက်တော့တာပဲ။ ဥပမာ အိမ်ရောက်မှ ဖုန်းခေါ်ပြီး ဖြစ်ဖြစ်ပေါ့။ အဲဒီလို အားပေးစကား မကြားရတဲ့အခါ ငါတို့ သိပ်နေလို့ မကောင်းဘူးလေ"

"အဲဒီတော့ သူက ဘာလုပ်လဲ"လို့ လူငယ်လေးက မေးတယ်။

"ရယ်ပြီးတောင်းပန်တယ်။ မင်းတို့က လူကောင်းတွေပါလို့ ပြောတတ်တယ်"

"ချီးမွမ်းခြင်းနဲ့ သတိပေးခြင်းမှာ ရယ်လို့ရလား"လို့ လူငယ်လေးက မေးပြန်တယ်။

"ရတာပေါ့။ တစ်မိနစ် မန်နေဂျာက အမှားလုပ်မိတိုင်း ကိုယ့်ကိုယ်ကိုယ် ရယ်တတ်ဖို့ အရည်အချင်းတစ်ခုကို သင်ပေးထားတယ်။ အဲဒါက တို့အလုပ်မှာ တော်တော်တော့ အသုံးဝင်တယ်"

mgyoe.com

mgyoe.com


"သိပ်ဆိုးတာပဲ။ အဲဒါတွေကို ခင်ဗျားတို့ ဘယ်လို သင်ယူကြမလဲ" လူငယ်လေးက မေးတယ်။

"ဒီလိုပါပဲ။ ဆရာလုပ်တာ လိုက်ကြည့်နေလိုက်တာပဲ"

"ဘာ ခင်ဗျားဆရာကလည်း အမှားလုပ်ချိန် ရယ်နိုင်တာပဲလား" စိတ်မရှည်တဲ့ လူငယ်လေးက ထပ်မေးတယ်။

"အမြဲတမ်းတော့ ဘယ်ဟုတ်မလဲ" မစ္စဘရောင်းက ဝန်ခံပါတယ်။ "ဒါပေမဲ့ တော်တော်များများတော့ ဟုတ်ပါတယ်။ သူ ရယ်တဲ့အခါ သူ့နားက လူတွေအတွက် စိတ်သက်သာရာ ရတယ်လေ"

"သူဟာ သိပ်ကို လုံခြုံမှုပေးတတ်လို့ ဖြစ်မယ်"လို့ လူငယ်လေးက ဝင်ပြောတယ်။

"သိပ်ဟုတ်တာပေါ့ကွာ" လို့ သူမက ဖြေတယ်။

လူငယ်လေးက သိပ်ကို လေးစားမိသွားတယ်။ အခုလို မန်နေဂျာတစ်ယောက်ဟာ အဖွဲ့အစည်းတစ်ခုအတွက် ဘယ်လောက် တန်ဖိုးရှိကြောင်း သူ မြင်လိုက်တယ်။

"ဘာလို့ တစ်မိနစ်မန်နေဂျာရဲ့ တစ်မိနစ် သတိပေးခြင်းကိစ္စဟာ ထိရောက်တယ်လို့ ထင်လဲ" လူငယ်လေးက မေးတယ်။

mgyoe.com

mgyoe.com


"အဲဒါကတော့ မင်းကို တစ်မိနစ်မန်နေဂျာဆီမှာပဲ မေးခိုင်းတော့မယ်"

သူမဟာ စားပွဲနောက်ကထပြီး လူငယ်လေးကို တံခါးဆီ လိုက်ပို့တယ်။

လူငယ်လေးက သူ့အချိန်အတွက် ကျေးဇူးတင်ကြောင်း ပြောတဲ့အခါ မစ္စဘရောင်းက "ငါ ဘယ်လို ပြန်ပြောမလဲဆိုတာ မင်းသိပြီးသားပဲ"တဲ့။ နှစ်ယောက်သား ရယ်လိုက်ကြတယ်။ လူငယ်လေးဟာ ဧည့်သည်တစ်ယောက်လို မဟုတ်တော့ဘဲ အိမ်ရှင်တစ်ယောက်လို အသားကျနေပါပြီ။

ခန်းမကြီး ဖြတ်လျှောက်ရင်း သူမနဲ့ ပြောခဲ့တဲ့ စကားတွေ၊ အချိန်တွေနဲ့ ဘယ်လို သတင်းအချက်အလက်တွေ ရခဲ့လဲဆိုတာ လူငယ်လေး စဉ်းစားလာခဲ့တယ်။

သူမ ပြောတာတွေကို သူ ပြန်ကြားယောင်နေတယ်။ သူမက သူ့ကို ရိုးရိုးလေးပဲ ပြောခဲ့တာ။ အတွေ့အကြုံရှိသူတွေ မှားတာကို တွေ့တဲ့အခါ သူဆိုရင်ကော ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ လူငယ်လေး တွေးတောနေပါတယ်။

mgyoe.com

mgyoe.com

# 01 တစ်မိနစ် တရားဝင်သတိပေးခြင်းအကျဉ်းချုပ်

တစ်မိနစ်တရားဝင်သတိပေးခြင်းမှာ အပိုင်း သုံးပိုင်း ပါဝင်ပါတယ်။

၁။ လူတွေကို မှားရင် မှားသလို မှတ်ချက်ပေးမယ်ဆိုတာ သတိပေးထားပါ။ သူတို့မှားတဲ့အခါ ဘယ်လို လက်တွေ့မကျလဲ။ ဘာတွေလုပ်လို့ မှားလဲဆိုတာ ပြောပြမယ်ဆိုတာကို ရှင်းပြထားပါ။ သူတို့သိနှင့်ပါစေ။

အပိုင်း – ၂

၂။ ချက်ချင်း တရားဝင်ခေါ် သတိပေးပါ။

၃။ ဘာမှားခဲ့လဲဆိုတာ အသေးစိတ်ရှင်းပြပါ။

၄။ သူတို့အမှားအပေါ် သင့်ရဲ့ ခံစားရမှု (ဝမ်းနည်း၊ စိတ်ဆိုး၊ ဒေါသထွက်) စတာတွေကို တိတိကျကျ ရှင်းပြပါ။

၅။ မသက်မသာ တစ်ခဏအဖြစ် ရပ်နားပြီး သင် ဘယ်လို ခံစားရလဲဆိုတာ သူတို့ကို ခံစားရပါစေ။

mgyoe.com